# ကြေးမုံ The Mirror

၁၃၆၇ ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၁၁ ရက်၊ စနေနေ့၊ (8-4-2006) (၄၉၂၄)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၌ ချစ်ကြည်ရေးခရီးလည်ပတ်ပြီး ပြန်လည်ရောက်ရှိလာသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးအား နေပြည်တော်မြို့တော် နေပြည်တော်လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်စဉ်။

(သတင်းစဉ်)



## နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၌ ချစ်ကြည်ရေးခရီး လည်ပတ်ပြီး ပြန်လည်ရောက်ရှိလာသည့် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့အား နေပြည်တော်မြို့တော် နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်

နေပြည်တော်မြို့တော် ဧပြီ ၇

**ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ မီခေး(လ်)ဖရက်ကော့(ဗ်)၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုမြန်မာနိုင်ငံတော် – နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၌ ချစ်ကြည်ရေးခရီးလည်ပတ်ပြီး ယနေ့ နံနက် ၁၀ နာရီ မိနစ် ၅၀ တွင် နေပြည်တော်မြို့တော် နေပြည်တော်လေဆိပ်သို့ အထူးလေယာဉ်ဖြင့် ပြန်လည်ရောက်ရှိကြသည်။**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့အား နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေး

**စာမျက်နှာ ၂ ကော်လံ ၃ သို့ ***



**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၌ ချစ်ကြည်ရေးခရီးလည်ပတ်ပြီးပြန်လည်ရောက်ရှိလာသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့အား နေပြည်တော်မြို့တော် နေပြည်တော်လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်စဉ်။**

(သတင်းစဉ်)

**နိုင်ငံတော် ပွဲစည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။**

ကြေးမုံ The Mirror
၈-၄-၂၀၀၆
(စနေနေ့)

# မြန်မာ့နှစ်သစ်ကူး မဟာသင်္ကြန်ပွဲ ရိုးရာယဉ်ကျေးမှုနှင့်အညီ ပါဝင်ဆင်နွှဲ

မြန်မာနိုင်ငံတွင် တစ်ဆယ့်နှစ်လ ရာသီပွဲတော်များရှိသည့်အနက် တန်ခူးလတွင်ကျင်းပသော မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်မှာ အထူးခြားဆုံး၊ ပျော်ရွှင်ဖွယ်ရာ အကောင်းဆုံးပွဲတော်ဖြစ်သည်။ နွေရာသီတန်ခူးလ အပူရှိန်မြင့်မားချိန်တွင် ရေသွန်းလောင်းဖျန်းပက်ကစားကြသော ရာသီပွဲဖြစ်၍ ပြည်သူအများပျော်ရွှင်ကြည်နူး ချမ်းမြေ့စွာ ပါဝင်ဆင်နွှဲကြသည်။

နှစ်ဟောင်းကုန်၍ နှစ်သစ်သို့ ကူးပြောင်းမှုသည် လူမျိုးတိုင်း၏ သင်္ကေတတစ်မျိုးပင်ဖြစ်သည်။ မြန်မာတို့က ရိုးရာနှစ်သစ်ကူးပွဲကို သင်္ကြန်ပွဲတော်ကျင်းပ၍ ဆင်နွှဲကြသည်။ နှစ်ဟောင်းမှ အညစ်အကြေးဟူသမျှကို ဆေးကြောသန့်စင်သည့် အနေဖြင့် သင်္ကြန်ပွဲတော်တွင် ရေစင်ဖျန်းပက် သွန်းလောင်းကြခြင်းဖြစ်သည်။

မြန်မာ့ရိုးရာအတာသင်္ကြန်သည် ပျော်ရွှင်ဖွယ်ရာကောင်းရုံမျှမက မြန်မာ့ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်များပါ လွှမ်းခြုံလျက်ရှိသည်။ ရှေးကာလက အတာသင်္ကြန်ပွဲများတွင် ငွေဖလားအတွင်း စန္ဒကူးနံ့သာအမွှေးရည်များထည့်၍ မွှေးပျံ့သောရေစင်ဖြင့် ယဉ်ကျေးသိမ်မွေ့စွာ သွန်းလောင်းကြသည်။ တစ်ဦးကိုတစ်ဦး သပြေခက်ဖြင့် ရေဖျန်းပက်၍ ကစားလေ့ရှိကြသည်။

ယင်းကဲ့သို့ အေးမြသော ရေ၊ မွှေးပျံ့သော ရေတို့ဖြင့် တစ်ဦးနှင့်တစ်ဦး ရင်းနှီးခင်မင်စွာ ပက်ဖျန်းကစားကြ၍ ရေပက်သူများရော၊ ရေပက်ခံရသူတို့ပါ ပျော်ရွှင်ကြည်နူးကြရသည်။ ထို့ကြောင့် မြန်မာတို့၏ မြတ်နိုးဖွယ်ရာ မြန်မာ့ရိုးရာ မဟာသင်္ကြန်၏ ထုံးတမ်းအစဉ်အလာများကို ဆက်လက်ထိန်းသိမ်း ဆင်နွှဲကြရန်လိုအပ်ပေသည်။

မြန်မာတို့၏ စိတ်ရင်းဖြူစင်သည့် မနောက အတာရေပက်ဖျန်းခံရသည်ကိုပင် ကြည်နူးတတ်ကြသည်။ သို့သော် သင်္ကြန်ပွဲတော်ကို အကြောင်းပြုပြီး ကြမ်းကြမ်းတမ်းတမ်း ရေကစားခြင်းဖြင့် မလိုလားအပ်သည့် ခိုက်ရန်ဖြစ်ပွားမှု၊ ထိခိုက်အနာတရ ဖြစ်မှုမျိုးမဖြစ်ပေါ်စေရန် ရေကစားသူအားလုံးက ဝိုင်းဝန်းထိန်းသိမ်းကြရမည်ဖြစ်သည်။

မဟာသင်္ကြန် စည်းကမ်းထိန်းသိမ်းရေးကော်မတီက မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ဆင်နွှဲသူများ လိုက်နာရန် တိုက်တွန်းနှိုးဆော်ချက်ကို ထုတ်ပြန်ထားသည်။ အဆိုပါ နှိုးဆော်ချက်တွင်–

- **မြန်မာ့ရိုးရာယဉ်ကျေးမှုဓလေ့စရိုက်နှင့် ဖီလာဆန့်ကျင်ပြီး မြန်မာလူမျိုးများ၏ အမြင်တွင် မတင့်တယ်သည့် ဝတ်စားဆင်ယင်မှု၊ ပြုမူပြောဆိုမှုများ မပြုလုပ်ရန်၊**
- **ဗုဒ္ဓဘာသာ ယဉ်ကျေးမှုအဆုံးအမနှင့် ဖီလာဆန့်ကျင်သည့် အပြုအမူပြောဆိုမှုများ မပြုလုပ်ရန်၊**
- **အချင်းချင်းဒဏ်ရာအနာတရဖြစ်စေပြီး အန္တရာယ်ဖြစ်စေသည့် ကြမ်းတမ်းသည့် ရေကစားမှုများ မပြုလုပ်ရန်၊**
- **တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ပျက်ပြားစေပြီး ဆူပူမှုကို ဖြစ်စေနိုင်သည့် လှုံ့ဆော်ဖန်တီးပြုမူပြောဆို၊ ကြိုးပမ်းမှုများကို မပြုလုပ်ရန်** ဟူ၍ဖော်ပြထားသည်။

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကလည်း **အမျိုးသားယဉ်ကျေးမှုကိုထိန်းသိမ်းပါ၊ သရုပ်ပျက် ယဉ်ကျေးမှုကို ရှောင်ကြဉ်ပါ၊ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို မြန်မာ့ယဉ်ကျေးမှုသင်္ကြန်ဖြင့် မြှင့်တင်ပါ** ဟူ၍ တိုက်တွန်း နှိုးဆော်ထားသည်။

သို့ဖြစ်ရာ မကြာမီကျရောက်တော့မည့် မြန်မာ့နှစ်သစ်ကူး မဟာသင်္ကြန်ပွဲတော်ကြီး စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးနှင့် ပြည်သူများ ပျော်ရွှင်ချမ်းမြေ့စွာ ရေကစားနိုင်ရေးတို့အတွက် ရေကစားသူများအားလုံးက မြန်မာ့ရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်းမြှင့်တင်၍ ပျော်ရွှင်စွာပါဝင်ဆင်နွှဲသွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။



## ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

✳ ရှေ့ဖုံးမှ

ဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီး သူရရွှေမန်းနှင့် ဇနီး ဒေါ်ခင်လေးသက်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွဲ့၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့် ၎င်းတို့၏ ဇနီးများ၊ အစိုးရအဖွဲ့–အဖွဲ့ဝင် ဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများက နေပြည်တော်မြို့တော် နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

### ပြန်လည်လိုက်ပါလာ

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့နှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယ ဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းနှင့် ဇနီး ဒေါ်မြင့်မြင့်စိုး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများ ပြန်လည်လိုက်ပါလာကြသည်။

(သတင်းစဉ်)

## မက္ကဆီကိုနိုင်ငံသံအမတ်ကြီး ခန့်အပ်ရန်သဘောတူ

**ရန်ကုန် ဧပြီ ၈**

ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော မက္ကဆီကိုပြည်ထောင်စုနိုင်ငံ သံအမတ်ကြီးအဖြစ် မစ္စတာဟဝမ်(န်)ဟိုဆေးဂိုမေ့ဇ်ကမာချိုအား ခန့်အပ်ရန် အဆိုပြုခြင်းကို ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီးဖြစ်သည်။

မစ္စတာဟဝမ်(န်)ဟိုဆေးဂိုမေ့ဇ်ကမာချိုသည် စင်ကာပူမြို့တွင် ရုံးစိုက်နေထိုင်လျက် မြန်မာနိုင်ငံဆိုင်ရာ မက္ကဆီကိုသံအမတ်ကြီးအဖြစ် ပူးတွဲတာဝန်ထမ်းဆောင်မည်ဖြစ်သည်။ (သတင်းစဉ်)

**ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်းအား Shin Satellite Public Company Limited မှ Southeast Asia Regional Director Mr. Nuthapong Temsiripong လာရောက်တွေ့ဆုံစဉ်။** (သတင်းစဉ်)



## ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား ဂြိုဟ်တုဆက်သွယ်ရေးကုမ္ပဏီ ဒေသဆိုင်ရာဒါရိုက်တာတွေ့ဆုံ

**ရန်ကုန် ဧပြီ ၇**

ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား Shin Satellite Public Company Limited မှ Southeast Asia Regional Director Mr. Nuthapong Temsiri Pong သည် ယနေ့ညနေ ၃နာရီ ၄၅ မိနစ်တွင် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

### တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့်အတူ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းနှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြသည်။

(သတင်းစဉ်)

## ထူးခြားသည့် နေ့အပူချိန်

(၇–၄–၂၀၀၆)

မင်းဘူး

၄၁ ဒီဂရီစင်တီဂရိတ်

(၁၀၆ ဒီဂရီဖာရင်ဟိုက်)

**တောင်ဥက္ကလာပမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် ရပ်ကွက်အလိုက် ခြံစည်းရိုး ကြက်ဆူပင်များ စိုက်ပျိုးလျက်ရှိရာ (၁၁)ရပ်ကွက် ဥက္ကဋ္ဌ ဦးမောင်မောင်သန်းနှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များ စုပေါင်း၍ ဧပြီ ၃ရက်က ခြံစည်းရိုးကြက်ဆူပင်မျိုးစေ့များ ပျိုးထောင်စဉ်။** (က–ပ)

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

### ၈–၄–၂၀၀၆ (စနေနေ့)

#### နံနက်ပိုင်း

| | | |
|---|---|---|
| ၇:၀၀ | ၁။ | မြဝတီအဖွင့် |
| ၇:၀၅ | ၂။ | အဖွင့်သီချင်း |
| ၇:၁၀ | ၃။ | ကျန်းမာရွှင်လန်းရောဂါအစွမ်း |
| ၇:၁၅ | ၄။ | မျိုးချစ်တပ်မတော် |
| ၇:၂၀ | ၅။ | မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း |
| ၇:၃၀ | ၆။ | မြန်မာသံစဉ်ချိုနားဝင် |
| ၇:၄၀ | ၇။ | မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ် |
| ၇:၄၅ | ၈။ | ခါသင်္ကြန်အဆိုအကများ |
| ၇:၅၅ | ၉။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၈:၀၀ | ၁၀။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၈:၁၀ | ၁၁။ | **ဆရာတော်ဦးဃောသိတ တရားတော် – သောတာပန်စိတ်ထား အင်္ဂါ (၇)ပါး** |
| ၉:၁၀ | ၁၂။ | အပိတ်နှုတ်ဆက်စကား |
| ၉:၁၁ | ၁၃။ | ပြီးပါပြီ။ |

#### နေ့လယ်ပိုင်း

| | | |
|---|---|---|
| ၁၂:၀၀ | ၁။ | မြဝတီအဖွင့် |
| ၁၂:၀၅ | ၂။ | အဖွင့်သီချင်း |
| ၁၂:၁၀ | ၃။ | မျိုးချစ်တပ်မတော် |
| ၁၂:၁၅ | ၄။ | မေးမြန်းစူးစမ်း |
| ၁၂:၃၅ | ၅။ | သာယာသီကြွေးခေတ်ဆန်းတေး |
| ၁၂:၅၀ | ၆။ | **မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် – ဖခင် (အပိုင်း–၁)** |
| ၁:၅၀ | ၇။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၁:၅၉ | ၈။ | အပိတ်နှုတ်ဆက်စကား |
| ၂:၀၀ | ၉။ | ပြီးပါပြီ။ |

#### ညပိုင်း

| | | |
|---|---|---|
| ၄:၀၀ | ၁။ | မြဝတီအဖွင့် |
| ၄:၀၅ | ၂။ | အဖွင့်သီချင်း |
| ၄:၁၀ | ၃။ | ကျန်းမာရွှင်လန်းရောဂါအစွမ်း |
| ၄:၁၅ | ၄။ | ချစ်သူစုံတွဲတူယှဉ်နွဲ |
| ၄:၃၀ | ၅။ | မြန်မာသံစဉ်ချိုနားဝင် |
| ၄:၃၅ | ၆။ | ခါသင်္ကြန်အဆိုအကများ |
| ၄:၄၅ | ၇။ | မျိုးချစ်တပ်မတော် |
| ၅:၁၅ | ၈။ | ကြည်နူးရွှင်ပျော်တေးသရုပ်ဖော် |
| ၅:၃၀ | ၉။ | ပျော်ရွှင်စရာသရုပ်ဆောင်ကမ္ဘာ |
| ၅:၄၀ | ၁၀။ | ခါသင်္ကြန်အဆိုအကများ |
| ၅:၅၀ | ၁၁။ | သာယာသီကြွေးခေတ်ဆန်းတေး |
| ၆:၀၀ | ၁၂။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၆:၁၀ | ၁၃။ | နိုင်ငံတကာသတင်း |
| ၆:၂၀ | ၁၄။ | မိုးလေဝသသတင်း |
| ၆:၂၅ | ၁၅။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၆:၃၀ | ၁၆။ | ဆပ်ကပ် |
| ၆:၄၀ | ၁၇။ | လျှပ်တစ်ပြက်ရိုက်ချက် |
| ၇:၀၀ | ၁၈။ | **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း –မေတ္တာသည်သာ (အပိုင်း–၃)** |
| ၈:၀၀ | ၁၉။ | မြဝတီရုပ်မြင်သံကြားသတင်း |
| | ၂၀။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| | ၂၁။ | ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင် |
| | ၂၂။ | °**English Premier League ဘောလုံးပွဲ – Wigan Athletic Vs Birmingham** |
| .......... | ၂၃။ | သင့်အတွက်မနက်ဖြန် |
| | ၂၄။ | အပိတ်နှုတ်ဆက်စကား |
| | ၂၅။ | ပြီးပါပြီ။ |



# ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်း ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရုရှားနိုင်ငံ မော်စကိုမြို့သို့ရောက်ရှိ

ရန်ကုန် ဧပြီ ၇

ပြည်ထောင်စုမြန်မာနိုင်ငံတော် – နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်းတို့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဝန်ကြီးချုပ် မစ္စတာမီခေး(လ်)ဖရက်ကော့(ဗ်)၏ ဖိတ်ကြားချက်အရ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်း၊ နိုင်ငံတော် အေးချမ်းသာယာ ရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်၊ စစ်ထောက်ချုပ်ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေး ဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာန ဝန်ကြီး ဦးသောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းနှင့် ဇနီး ဒေါ်မြင့်မြင့်စိုး၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးကျော်ကျော်ဝင်းနှင့် ဌာနဆိုင်ရာအကြီးအကဲများလိုက်ပါလျက် ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ချစ်ကြည်ရေးခရီး လည်ပတ်ရန် ဧပြီ ၂ရက် နံနက် ၁၀နာရီတွင် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်မှ အထူးလေယာဉ်ဖြင့် ထွက်ခွာခဲ့ကြရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့ရှိ **Vnukovo-2** လေဆိပ်သို့ ဒေသစံတော်ချိန် ညနေ ၅နာရီတွင် ရောက်ရှိကြသည်။

### ခရီးဦးကြိုဆို

ရှေးဦးစွာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့အား ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ ပြည်ထောင်စု မြန်မာနိုင်ငံသံအမတ်ကြီး ဦးတင်စိုးနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယ ညွှန်ကြားရေးမှူး Mr. A.G. Sviridov တို့က အထူးလေယာဉ်ပေါ်သို့ တက်ရောက်၍ ခရီးဦးကြိုဆို နှုတ်ဆက်ကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့်ဇနီး ဒေါ်မြမြစန်းတို့အား ရုရှား အမျိုးသမီးတစ်ဦးက ဂုဏ်ပြုပန်းစည်းကို ဂါရဝပြုပေးအပ်သည်။

### ဂုဏ်ပြုတပ်ဖွဲ့ စစ်ဆေး

**ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. A.Y. Alekseev တို့ ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးကြစဉ်။** (သတင်းစဉ်)



**ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးအား ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးတင်စိုး ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. A.Y. Alekseev၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး Mr. Oleg Kabanov နှင့် တာဝန်ရှိသူများ ကြိုဆိုကြစဉ်။**

(သတင်းစဉ်)



**ပြည်ထောင်စု မြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် ရုရှားဖက်ဒရေးရှင်း နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. A.Y. Alekseev တို့ ဂုဏ်ပြုတပ်ဖွဲ့၏ ချီတက်အလေးပြုခြင်းကို ခံယူကြစဉ်။** (သတင်းစဉ်)

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့အား ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. A.Y. Alekseev၊ ပြည်ထောင်စု မြန်မာ နိုင်ငံတော်ဆိုင်ရာ ရုရှားဖက်ဒရေးရှင်း နိုင်ငံ သံအမတ်ကြီး Mr. Oleg V. Kabanov နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီးMr. A.Y. Alekseevတို့သည် ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးကြသည်။

ထိုအချိန်တွင် နိုင်ငံတော်တီးဝိုင်းက ပြည်ထောင်စု မြန်မာနိုင်ငံတော် အမျိုးသားသီချင်းနှင့် ရုရှားဖက်ဒရေး ရှင်းနိုင်ငံ အမျိုးသားသီချင်းတို့ကို တီးမှုတ်သည်။

**စာမျက်နှာ ၁၁ ကော်လံ ၅ သို့** ☆




# တရုတ်–ရုရှား သိပ္ပံနှင့်နည်းပညာပြပွဲ ဩဂုတ်လတွင် ကျင်းပမည်

ဟိုပော့ ဧပြီ ၆

**တရုတ်–ရုရှားသိပ္ပံနှင့် နည်းပညာပြပွဲနှင့် အဆင့်မြင့်ထုတ်ကုန်များပြပွဲကို ဩဂုတ် ၂၈ ရက်မှ ၃၀ ရက်အထိ ကျင်းပမည်ဖြစ်သည်။ ထိုပြပွဲကို တရုတ်နိုင်ငံမြောက်ပိုင်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ အတွင်းမွန်ဂိုလီးယားရှိ မန်ဇိုလီဒေသ၌ ကျင်းပမည်ဖြစ်သည်။**

အဆိုပါပြပွဲ၌ သတင်းနှင့် နည်းပညာဆိုင်ရာ ကုန်ပစ္စည်းအသစ်နှင့် စိုက်ပျိုးရေးလုပ်ငန်းထွက်ကုန်ပစ္စည်းတို့ကို ပြသသွားမည်ဖြစ်သည်ဟု မန်ဇိုလီမှ ဧရာရန်ကွမ်ဇွန်က ပြောကြားခဲ့သည်။

ထိုပြပွဲ၌ ပြခန်းပေါင်း ၁၀၀၀ ကျော်ဖြင့်ခင်းကျင်းပြလုပ်မည်ဖြစ်သည်။

အဆိုပါပြပွဲသို့ တရုတ်၊ ရုရှား၊ မွန်ဂိုလီးယား၊ ဂျပန်နှင့် ကိုရီးယားနိုင်ငံတို့မှအဆင့်မြင့်နည်းပညာလုပ်ငန်း၊ ကောလိပ်နှင့် သုတေသနဌာနများမှ တာဝန်ရှိသူများ တက်ရောက်ကြမည်ဖြစ်သည်ဟု ဒေသဆိုင်ရာ သိပ္ပံနှင့် နည်းပညာဗျူရိုမှ ညွှန်ကြားရေးမှူး ချန်ရှန်ဟိုင်က ပြောကြားခဲ့သည်။

ရုရှားနှင့် တရုတ်နိုင်ငံတို့သည် သိပ္ပံနှင့် နည်းပညာကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်ခြင်းနှင့် အသိပညာများ လဲလှယ်ရန်အတွက် ထိုပြပွဲကို ပြုလုပ်ခြင်းဖြစ်သည်ဟု တာဝန်ရှိသူများက ပြောကြားသည်။

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၊ တရုတ်အကယ်ဒမီသိပ္ပံဌာနနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရအတွင်း မွန်ဂိုလီးယားဒေသမှ အစိုးရတို့က ထိုပြပွဲဖြစ်မြောက်ရေးအတွက် ကူညီပံ့ပိုးလျက် ရှိသည်။

***အမ်အင်အေ၊ဆင်ဟွာ။***



အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့တွင် ဧပြီ ၄ ရက်က အထူးတပ်ဖွဲ့ဝင်များ အကြမ်းဖက်မှုတိုက်ဖျက်ရေး လေ့ကျင့်နေစဉ်။

*(ဓာတ်ပုံ–အင်တာနက်)*

# တရုတ်ရှေးဟောင်းစာအုပ်များ အီဂျစ်နည်းပညာသုံးပြီး ထိန်းသိမ်းမည်

**ပေကျင်း ဧပြီ ၆**

တရုတ်နိုင်ငံရှိ ရှေးဟောင်းစာအုပ်များကို ထိန်းသိမ်းရန် ပိရမစ်များရှိ နံရံဆေးရေးပန်းချီပုံများ၏ မူလအခြေအနေကို ထိန်းသိမ်းရာတွင်အသုံးပြုသည့်အီဂျစ်နည်းပညာကို တရုတ်နိုင်ငံကအတုယူမည်ဖြစ်ကြောင်းဧပြီ ၃ ရက်ထုတ် ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြသည်။ စာအုပ်များ ပြုပြင်ထိန်းသိမ်းသည့် နည်းပညာများ ခေတ်မီတိုးတက်လာခြင်းမရှိပါက တရုတ်နိုင်ငံရှိ ရှေးဟောင်းစာအုပ်များသည် နှစ်ပေါင်း၁၀၀အတွင်း ပျက်စီးသွားနိုင်ကြောင်းတရုတ်နိုင်ငံအမျိုးသားစာကြည့်တိုက် ရှားပါးစာအုပ်များဌာန ညွှန်ကြားရေးမှူး ဇန်ဇီချင်က ပြောကြားသည်။

တရုတ်နိုင်ငံအရှေ့ပိုင်း ကျန်စုပြည်နယ် မြို့တော်နန်ကျင်း၌ မကြာသေးမီက ကျင်းပခဲ့သော ရှေးဟောင်း စာအုပ်များ ထိန်းသိမ်းရေးနည်းပညာနှင့် စပ်လျဉ်း၍ တရုတ်နှင့် အီဂျစ်ပူးပေါင်းဆောင်ရွက်ရေးဖိုရမ်တွင် ဇန်က အထက်ပါအတိုင်း ပြောကြားခဲ့သည်။

တရုတ်နိုင်ငံ၌ ရှေးဟောင်းစာအုပ်များအမြောက်အမြားရှိကြောင်း၊ အချို့စာအုပ်များမှာ ပုံပျက်ပန်းပျက် ဖြစ်နေပြီဖြစ်ကြောင်း၊ စာအုပ်အားလုံးအနက် သုံးပုံတစ်ပုံမှာ ချက်ချင်းပြုပြင်ရန်လိုအပ်သည့်အခြေအနေတွင် ရှိကြောင်း ဇန်က ပြောကြားသည်။

ရှေးဟောင်းစာအုပ်များ ပြုပြင်ထိန်းသိမ်းသည့် တရုတ်ရိုးရာနည်းပညာတွင် ကျောက်ချဉ်ကို အသုံးပြုခဲ့ကြကြောင်း၊ သို့ရာတွင် ကျောက်ချဉ်က အက်စစ်သဘာဝကို ဖြစ်ပေါ်လာစေကြောင်း ဇန်က ရှင်းလင်းတင်ပြသည်။

ပိရမစ်များရှိ နံရံဆေးရေးပန်းချီပုံများ ပြုပြင်ထိန်းသိမ်းရာတွင် အီဂျစ်လူမျိုးများ အသုံးပြုကြသည့် အီဂျစ်နည်းပညာရပ်များကို အတုယူမည်ဖြစ်ကြောင်း ဖိုရမ်စီစဉ်သူတစ်ဦးဖြစ်သော တိုင်ရှုယန်က ပြောကြားသည်။

ရှေးဟောင်းစာအုပ်များ ပျက်စီးဆုံးရှုံးမှုမရှိအောင် ထိန်းသိမ်းစောင့်ရှောက်သည့် နည်းပညာရပ်များကို လေ့လာရန် တရုတ်နိုင်ငံက အီဂျစ်နိုင်ငံသို့ ကျောင်းသားများ စေလွှတ်မည်ဖြစ်ကြောင်း၊ အီဂျစ်နိုင်ငံမှ ကျွမ်းကျင်သူများကို တရုတ်နိုင်ငံသို့ ဖိတ်ခေါ်ပြီး ယင်းလုပ်ငန်းနယ်ပယ်ရှိ အတတ်ပညာရှင်များအား သင်ကြားစေမည်ဖြစ်ကြောင်း တိုင်က ပြောကြားသည်။

***အမ်အင်အေ၊ဆင်ဟွာ။***

# ကမ္ဘောဒီးယားမြောက်ပိုင်းတွင် မုန်တိုင်းတိုက်ခတ် လူငါးဦးသေဆုံး

**ဖနောင်ပင် ဧပြီ ၅**

ကမ္ဘောဒီးယားနိုင်ငံမြောက်ပိုင်းရှိ ကမ်ပွန်သွမ်ပြည်နယ်တွင် မုန်တိုင်းပြင်းထန်စွာ တိုက်ခတ်သဖြင့် ကမ္ဘောဒီးယားနိုင်ငံသား ငါးဦးထက်မနည်း သေဆုံးခဲ့ကြောင်း တရားဝင် သတင်းရပ်ကွက်က အင်္ဂါနေ့တွင် ပြောကြားလိုက်သည်။

ကမ္ဘောဒီးယားနိုင်ငံ၏ မြို့တော်ဖနောင်ပင်မှ ၁၀ ကီလိုမီတာအကွာရှိ ကမ်ပွန်စဗေဒေသတွင် မုန်တိုင်းတိုက်ခတ်မှုကြောင့် အခြားလူ ၁၀ ဦးကျော် ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး အိမ်ခြေ ၅၀ ပျက်စီးသွားသည်ဟု ကမ်ပွန်သွမ်ပြည်နယ် ကြက်ခြေနီဒုတိယဥက္ကဋ္ဌ ဆာမွန်က တယ်လီဖုန်းဖြင့် ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

မုန်တိုင်းသည် အဆိုပါခရိုင်သို့ တနင်္လာနေ့ညနေ ၅ နာရီခွဲအချိန်က တိုက်ခတ်ခဲ့ခြင်းဖြစ်သည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ကမ္ဘောဒီးယား ကြက်ခြေနီအဖွဲ့ဝင်များက လေဘေးဒုက္ခသည်များအား ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ရန်အတွက် အခင်းဖြစ်ပွားရာဒေသသို့ အပူတပြင်း သွားရောက်ခဲ့ကြသည်။

***အမ်အင်အေ၊ ဆင်ဟွာ။***



တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့ ပန်းခြံတစ်ခုအတွင်း အပန်းဖြေနေသူ သက်ကြီးရွယ်အိုနှစ်ဦးအား ဧပြီ ၅ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ–အင်တာနက်)*

# တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့တွင် အသက်ရာကျော်ဦးရေ ၆၀၀ ရှိ

**ရှန်ဟိုင်း ဧပြီ ၆**

တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့တွင် အသက်ရာကျော်ရှိသူဦးရေသည် ၂၀၀၅ ခုနှစ်ကုန်ပိုင်းက ၆၀၀ အထိ မြင့်တက်လာခဲ့ရာ လွန်ခဲ့သည့်နှစ်တွင် ရှိခဲ့သည့်ဦးရေထက် ၅၂ ဦး တိုးလာခြင်းဖြစ်ကြောင်း ရှန်ဟိုင်းသက်ကြီးရွယ်အိုသုတေသနက ဗုဒ္ဓဟူးနေ့၌ ပြောကြားသည်။ ၎င်းဦးရေအနက် အသက်ရာကျော်ရှိသူ ၄၆၈ ဦး သို့တည်းမဟုတ် ၇၁ရာခိုင်နှုန်းသည် အမျိုးသမီးများဖြစ်ကြပြီး ၁၃၂ဦး သို့တည်းမဟုတ် ၂၂ ရာခိုင်နှုန်းသည် အမျိုးသားများဖြစ်ကြသည်။ အသက်အကြီးဆုံးမှာ အမျိုးသမီးဖြစ်ပြီး ဟူအာမေဟုအမည်ခေါ်တွင်သူဖြစ်သည်။ ၎င်းကို ၁၈၉၅ ခုနှစ် ဇန်နဝါရီလတွင်မွေးဖွားခဲ့ပြီးပူဒွန်နယူးအေရီယာတွင်ယခုအခါ နေထိုင်လျက်ရှိသည်။

ရှန်ဟိုင်းမြို့၏ လူဦးရေသည် ၁၃ ဒသမ ၆ သန်းရှိပြီး ၂ ဒသမ ၆၆ သန်း သို့တည်းမဟုတ် ၁၉ ဒသမ ၅၈ ရာခိုင်နှုန်းသည် ဒေသခံများဖြစ်ပြီး အသက် ၆၀နှင့် ၆၀အထက်ရှိသူများဖြစ်သည်။ ၂၀၀၆–၂၀၁၀ ပြည့်နှစ်အတွင်း ရှန်ဟိုင်းမြို့၏ လူဦးရေတွင် အသက် ၆၀ အထက်ရှိသူဦးရေသည် ၁၀၅၂၀၀ အထိ မြင့်တက်လာမည်ဟု တရုတ်သတင်းစာတစ်စောင်က ကြိုတင်ဟောကိန်းထုတ်ထားသည်။

***အမ်အင်အေ၊ဆင်ဟွာ။***

ဂျပန်နိုင်ငံ တိုကျိုဒေသရှိ စက်ရုံတစ်ရုံတွင် လုပ်သားများ လုပ်ငန်းခွင်ဝင်နေသည်ကို ဧပြီ ၅ရက်က တွေ့ရစဉ်။

*ဓာတ်ပုံ–အင်တာနက်)*



# စင်ကာပူ အိမ်ထောင်စုများအတွက် ကြက်ငှက်တုပ်ကွေးကာကွယ်ရေးစာအုပ် ဖြန့်ချိမည်

**စင်ကာပူ ဧပြီ ၆**

စင်ကာပူနိုင်ငံတွင် ကြက်ငှက်တုပ်ကွေးရောဂါသည် ယခုလကုန်ပိုင်းကာလအတွင်း ကျရောက်ဖွယ်ရှိရာ စင်ကာပူအိမ်ထောင်စု တစ်သန်းအတွက် ကြက်ငှက်တုပ်ကွေးရောဂါနှင့် စပ်လျဉ်း၍ ရှောင်ရန်၊ ဆောင်ရန် သတိပေးချက်များ ပါဝင်သည့် လက်စွဲစာအုပ်တစ်အုပ်စီ ပေးဝေသွားမည်ဖြစ်ကြောင်း နယူးအာရှရပ်မြင်သံကြားသတင်းက ဗုဒ္ဓဟူးနေ့တွင် ဖော်ပြလိုက်သည်။

စင်ကာပူနိုင်ငံသူ၊ နိုင်ငံသားများအတွက် ဖော်ပြပါရောဂါနှင့် ပတ်သက်၍ အသိအမြင်တိုးမြင့်စေပြီး အဆင်သင့်အနေအထားရှိနေစေရန် ရည်ရွယ်၍ စင်ကာပူအစိုးရက တရုတ်၊ မလေး၊ တမီးလ်နှင့် အင်္ဂလိပ်ဘာသာလေးမျိုးဖြင့် ရိုက်နှိပ်ထားသည့် လက်စွဲစာအုပ်များကို စင်ကာပူနိုင်ငံသုံးဒေါ်လာ တစ်သန်းခန့် (အမေရိကန်ဒေါ်လာ၆၂၂၀၀၀ ခန့်) အကုန်ခံ၍ ရိုက်နှိပ်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ ကြက်ငှက်တုပ်ကွေးနှင့် စပ်လျဉ်းသည့် လမ်းညွှန်စာအုပ်များကို ဒေသခံအသေးစားနှင့် အလယ်၊ အလတ်စားလုပ်ငန်းများသို့ ယခုနှစ် ဖေဖော်ဝါရီလတွင် ဖြန့်ချိသွားမည်ဖြစ်သည်။

***အမ်အင်အေ၊ ဆင်ဟွာ။***

# သေနတ်သမားများကြောင့် အီရတ်နှစ်ဦးသေဆုံး

**ဘဂ္ဂဒက် ဧပြီ ၆**

စစ်ဝတ်စုံများဝတ်ထားပြီး မည်သူမည်ဝါမှန်းမသိရသော သေနတ်သမားများက ဘဂ္ဂဒက်မြို့တော် အနောက်ပိုင်းဒေသရှိ ကီရက်နာမိုဘိုင်းဖုန်းကုမ္ပဏီမှ အီရတ်ဝန်ထမ်းနှစ်ဦးကို သတ်ဖြတ်ခဲ့ပြီး အခြားနှစ်ဦးကို ဗုဒ္ဓဟူးနေ့က ပြန်ပေးဆွဲခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနသတင်းရပ်ကွက်က ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

သေနတ်ကိုင်များက အီရတ်နိုင်ငံအလယ်ပိုင်းဒေသတွင် ဖုန်းလုပ်ငန်းလုပ်ဆောင်နေသည့် ကီရက်နာကုမ္ပဏီ၏ ဌာနချုပ်ရုံးကို ဝင်ရောက် စီးနင်းတိုက်ခိုက်ခဲ့သည်။***အမ်အင်အေ၊ဆင်ဟွာ။***

# ပြည်ပမှစက္ကူစက်ရုံ တရုတ်တောင်ပိုင်း၌ တည်ဆောက် ပတ်ဝန်းကျင်ညစ်ညမ်းမှု ထိန်းသိမ်းလိုက်နာရန် သဘောတူ

ပေကျင်း ဧပြီ ၆

**တရုတ်နိုင်ငံတောင်ပိုင်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ကွမ်စီကျွမ်းဒေသ၌ စက္ကူစက်ရုံတည်ဆောက်ရန် အပြည်ပြည်ဆိုင်ရာ စက္ကူလုပ်ငန်းကုမ္ပဏီတစ်ခုကို လုပ်ကိုင်ခွင့်ပြုလျှင် ထိုကုမ္ပဏီက ပတ်ဝန်းကျင်ညစ်ညမ်းမှုကို ထိန်းသိမ်းမည်ဟု ကတိပေးထားကြောင်း သတင်းတစ်ရပ်၌ ဖော်ပြထားသည်။**

ဖင်လန်နှင့် ဆွီဒင်နိုင်ငံ စတိုရာ အန်ဆိုကုမ္ပဏီသည် အဆိုပါ စက္ကူစက်ရုံလုပ်ငန်းကို လုပ်ကိုင်ခွင့်ရရှိလျှင် ကုလသမဂ္ဂဖွံ့ဖြိုးရေးအစီအစဉ် (ယူအင်ဒီပီ)က ထိုလုပ်ငန်းတွင် ပတ်ဝန်းကျင်ထိန်းသိမ်းမှုကို လိုက်နာခြင်း ရှိ၊ မရှိကို စောင့်ကြည့်သွားမည်ဖြစ်ကြောင်း တရုတ်နေ့စဉ်သတင်းစာက ဧပြီ ၁ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါလုပ်ငန်းကို ၂၀၁၀ ပြည့်နှစ်အထိ လုံခြုံရေးစောင့်ကြပ် ကြည့်ရှုခြင်းအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအစီအစဉ်နှင့် ပတ်သက်၍ ကုလသမဂ္ဂနှင့် စတိုရာအန်ဆို ကုမ္ပဏီတို့ ယခုရက်သတ္တပတ်၌ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခဲ့ကြသည်။ ထိုအစီအစဉ်များတွင် ကွမ်ဇီပြည်နယ်၌ ဇီဝမျိုးခွဲများကို ထိန်းသိမ်းခြင်းနှင့် ကျန်းမာရေး၊ ရေ၊ သန့်ရှင်းရေး၊ ပညာရေးနှင့် ကျွမ်းကျင်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်ခြင်းတို့လည်းပါဝင်ကြောင်း ဖော်ပြထားသည်။

**အကောင်အထည်ဖော်**

စက်ရုံတည်ဆောက်မည့်နေရာတွင် အိမ်ခြေ ၁၀၀၀၀၀ တည်ဆောက်ပြီး ပတ်ဝန်းကျင်နှင့်လူမှုရေး ဖွံ့ဖြိုးတိုးတက်ရန် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရုတ်နိုင်ငံရှိ ယူအင်ဒီပီကိုယ်စားလှယ် ရီနာမီယာက ပြောကြားခဲ့သည်။

**လိုအပ်**

တရုတ်နိုင်ငံ၌ ထိုလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်မှုမပြုမီ ပတ်ဝန်းကျင်ဆိုင်ရာ စည်းကမ်းချက် ထုတ်ပြန်ရန် လိုအပ်သည်ဟု ဖော်ပြထားသည်။

***အမ်အင်အေ၊ဆင်ဟွာ။***



ပနားမားနိုင်ငံ ပနားမားစီးတီး၌ ကမ္ဘာလှည့်ခရီးသည်များ အပျော်တမ်းငါးဖမ်းရာမှ ဖမ်းမိသော ငါးကြီးတစ်ကောင်ကို ဧပြီ ၄ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ–အင်တာနက်)*

# ဗင်နီဇွဲလားအလယ်ပိုင်း၌ ကုန်တင်ကားပေါက်ကွဲမှုဖြစ် ၁၀ ဦးသေဆုံး၊ ၂၂ ဦး ဒဏ်ရာရ

**ကရာကတ်စ်(ဗင်နီဇွဲလား) ဧပြီ ၆**

ဗင်နီဇွဲလားနိုင်ငံ အလယ်ပိုင်း၌ ခရီးသည်တင် ဘတ်စ်ကားနှင့် ကုန်တင်ကား တိုက်မိပြီးနောက် ကုန်တင်ကား လောင်စာတိုင်ကီ ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ လူ ၁၀ ဦး သေဆုံးပြီး ၂၂ ဦး ဒဏ်ရာရရှိခဲ့သည်ဟု ကယ်ဆယ်ရေးဝန်ထမ်းများက ဧပြီ ၄ ရက်တွင် ပြောကြားခဲ့သည်။

အာရာဂူရာပြည်နယ်လမ်းမ၌ ဧပြီ ၃ ရက် ညနေပိုင်း၌ ကုန်တင်ကားသည် အခြားယာဉ်ငါးစီးကို တိုက်မိပြီးနောက် မီးလောင်ပေါက်ကွဲခဲ့ကြောင်း ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

ဘတ်စ်ကားပေါ် လိုက်ပါလာသူ ၃၂ ဦးအနက် ခြောက်ဦးသည် အခင်းဖြစ်ပွားရာနေရာ၌ သေဆုံးခဲ့ပြီး မီးလောင်ဒဏ်ရာ ပြင်းထန်သူများမှ လေးဦးလည်း ဆက်လက်သေဆုံးခဲ့သည်ဟု ဆိုသည်။ ***အမ်အင်အေ၊ရိုက်တာ။***

## နိုင်ငံတကာ သတင်းများ



အီရန်နိုင်ငံက စမ်းသပ်ပစ်လွှတ်လိုက်သော ဒုံးကျည်တစ်စင်းကို ဧပြီ ၄ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ–အင်တာနက်)*

# အီရန်က ဒုံးကျည်နှစ်စင်း အောင်မြင်စွာစမ်းသပ်ပစ်လွှတ်

**တီဟီရန် ဧပြီ ၆**

အီရန်နိုင်ငံက တောင်ပိုင်းဒေသတွင် စစ်ရေးလေ့ကျင့်မှုများ ပြုလုပ်နေစဉ် ဒုံးကျည်နှစ်စင်းကို အောင်မြင်စွာစမ်းသပ် ပစ်လွှတ်နိုင်ခဲ့ကြောင်း နိုင်ငံပိုင်မီဒီယာသတင်းဌာနက ဗုဒ္ဓဟူးနေ့တွင် ဖော်ပြသည်။

**ကြေညာ**

အီရန်နိုင်ငံက ဝေဟင်မှ ရေပြင်ပစ်ဒုံးကျည်နှင့် မြေပြင်ပစ်ဒုံးကျည်များကို အောင်မြင်စွာ စမ်းသပ်ပစ်လွှတ်ခဲ့သည်။ စမ်းသပ်ပစ်လွှတ်သော ဒုံးကျည်များသည် ဒုံးခွင်းဒုံးများမှ ရှောင်ကွင်းကာ အောင်မြင်စွာ စမ်းသပ်ပစ်လွှတ်နိုင်ခဲ့သည်ဟု နိုင်ငံပိုင်ရုပ်မြင်သံကြားက ကြေညာသည်။ အဆိုပါဒုံးကျည်သည် လျှို့ဝှက်လက်နက်ဖြစ်ပြီး အီရန်က ဒုံးကျည် တီထွင်လုပ်ကိုင်ရာတွင် အောင်မြင်မှုရရှိခဲ့သည့်လက္ခဏာဖြစ်သည်ဟု အဆိုပါရုပ်မြင်သံကြားက ဖော်ပြသည်။ မတ် ၃၁ ရက်တွင် စတင်ပြီး ကြာသပတေးနေ့အထိ ဆက်လက်ပြုလုပ်သည့် ရက်သတ္တပတ် တစ်ပတ်ကြာ စစ်ရေးလေ့ကျင့်မှုများ ပြုလုပ်နေစဉ်ကာလအတွင်း အီရန်က မီဆက်နှင့်နူးအမည်ရှိ ဒုံးကျည်နှစ်မျိုးကို လေးကြိမ်နှင့် ငါးကြိမ်မြောက် အသီးသီး စမ်းသပ်ပစ်လွှတ်ခဲ့သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

# ပါကစ္စတန် တိုက်လေယာဉ်တစ်စင်းပျက်ကျ၊ လေယာဉ်မှူးသေဆုံး

အစ္စလမ္မာဘတ် ဧပြီ ၆

**ပါကစ္စတန်မှ တိုက်လေယာဉ်တစ်စင်းသည် အရှေ့ပိုင်းဒေသရှိ ပန်ဂျပ်ပြည်နယ်တွင် ဗုဒ္ဓဟူးနေ့က ပျက်ကျသွားခဲ့ရာ ပါကစ္စတန်လေတပ် (ပီအေအက်ဖ်)မှ လေယာဉ်မှူးတစ်ဦးသေဆုံးခဲ့ကြောင်း လေတပ်ဖွဲ့၏ ထုတ်ပြန်သည့်ကြေညာချက်တွင် ဖော်ပြထားသည်။**

အဆိုပါ တိုက်လေယာဉ်သည် အက်ဖ်–၇ အမျိုးအစား လေယာဉ်ဖြစ်ပြီး ပုံမှန်လေ့ကျင့်ရေးလုပ်ငန်းများ ပြုလုပ်နေစဉ် အစ္စလမ္မာဘတ်အနောက်မြောက် ကီလိုမီတာ ၈၀ ခန့် ဝေးကွာသည့် ဒေါ့ပါသန်မြို့အနီးတွင် ပျက်ကျခဲ့ခြင်းဖြစ်သည်ဟု အဆိုပါကြေညာချက် အရသိရှိရသည်။ ယင်းလေယာဉ်ပျက်ကျမှုကြောင့် အရပ်သူ၊ အရပ်သားနှင့် ပစ္စည်းဥစ္စာများ ထိခိုက်ပျက်စီးမှုမရှိဟု အစီရင်ခံတွင် ဆက်လက်ဖော်ပြထားသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

# ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ဆေးသုံးမျိုး ရုရှား၌ထုတ်လုပ်

**မော်စကို ဧပြီ ၆**

ကြက်ငှက်တုပ်ကွေးကာကွယ်ဆေးသုံးမျိုးကို ရုရှားနိုင်ငံက ထုတ်လုပ်ခဲ့ကြောင်း၊ ထိုဆေးဝါးများကို မကြာမီ လူ့ကိုယ်ခန္ဓာ၌ စမ်းသပ်သွားမည်ဖြစ်ကြောင်း ကျန်းမာရေးနှင့် လူမှုဖွံ့ဖြိုးရေးဝန်ကြီးဌာန ဝန်ကြီး မစ်ခေးလ်ဇူရာဗိုက ဧပြီ ၅ ရက်တွင် ပြောကြားခဲ့သည်။

H-5 N-1 ရောဂါပိုးသည် လူသားတို့အတွက် အန္တရာယ်ကျရောက်နိုင်ချေရှိသည့်အတွက် ထိုရောဂါပိုးကို အခြေခံ၍ ကာကွယ်ဆေးကိုထုတ်လုပ်ထားခြင်းဖြစ်ကြောင်း၊ ရက်သတ္တပတ်ငါးပတ်အတွင်း လိုအပ်သော ကာကွယ်ဆေးကို ထုတ်လုပ်နိုင်မည်ဖြစ်သည်ဟု အီတာတပ်စ်သတင်းဌာနက ဖော်ပြခဲ့သည်။

ထိုကာကွယ်ဆေးများကို ဆေးခန်းများ၌ ကနဦးစမ်းသပ်ခဲ့ပြီးဖြစ်ကြောင်း ဇူရာဗိုက ပြောကြားခဲ့သည်။ စေတနာ့ဝန်ထမ်းများ၏ အကူအညီဖြင့် ထိုကာကွယ်ဆေးကို စမ်းသပ်ရန်ပြီးခဲ့သော ရက်သတ္တပတ်က အဆိုပါဝန်ကြီးဌာန၏ လူကျင့်ဝတ်ကော်မတီက ဆုံးဖြတ်ခဲ့ကြသည်။

ရုရှားနိုင်ငံသည် လစဉ် ကြက်ငှက်တုပ်ကွေးရောဂါကို ကာကွယ်ရန် လူဦးရေ၏ ၂၀ ရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်းအထိ ကာကွယ်ဆေးများကို ထိုးနှံထားရန် လိုအပ်ကြောင်း ၎င်းက ပြောဆိုခဲ့သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***



**အင်ဂိုလာနိုင်ငံ၌ ငှက်ဖျားရောဂါ တိုက်ဖျက်ရေး စည်းရုံးလုပ်ရှား ဆောင်ရွက်နေသည်ကို ဧပြီ ၄ ရက်က တွေ့ရစဉ်။**
*(ဓာတ်ပုံ–အင်တာနက်)*

# ဧပြီလတွင် ရေနံပီပါ ၇ ဒသမ ၄ သန်း အင်ဒိုနီးရှားနိုင်ငံ တင်သွင်းမည်

**ဂျကာတာ ဧပြီ ၆**

အင်ဒိုနီးရှားနိုင်ငံက ရေနံပီပါ ၇ ဒသမ ၄ သန်းကို ဧပြီလတွင် ပြည်ပမှ ဝယ်ယူတင်သွင်းနိုင်ရန် စီစဉ်နေကြောင်း၊ ယင်းပမာဏသည် မတ်လက ဝယ်ယူတင်သွင်းခဲ့သည့် ရေနံပမာဏအောက် လျော့ကျခဲ့ကြောင်း နိုင်ငံပိုင် ရေနံကုမ္ပဏီဖြစ်သည့် ပါတာမီနာ၏ ပြောရေးဆိုခွင့်ရှိသူက အင်္ဂါနေ့တွင် ပြောကြားလိုက်သည်။ အင်ဒိုနီးရှားအစိုးရက ရေနံဈေးနှုန်းများကို လွန်ခဲ့သည့်နှစ် အောက်တိုဘာလအတွင်းက ၁၂၆ ရာခိုင်နှုန်းခန့် တိုးမြှင့်ခဲ့ပြီးနောက် ရေနံတင်သွင်းသည့်ပမာဏကို တဖြည်းဖြည်းချင်း လျှော့ချခဲ့သည်ဟု ပြောရေးဆိုခွင့်ရှိသူ မိုဟာမက်ဟာရွန်က ပြောကြားသည်။

အင်ဒိုနီးရှားနိုင်ငံ၏ ရေနံတင်သွင်းမှုပမာဏသည် လွန်ခဲ့သည့်နှစ်က စက်တင်ဘာလတွင် ရေနံပီပါ ၁၇ သန်းမှ ဒီဇင်ဘာလအတွင်း ပီပါ ၁၂ သန်း၊ ဇန်နဝါရီလအတွင်း ၈ ဒသမ ၄ သန်းနှင့် ဖေဖော်ဝါရီလအတွင်း ၇ ဒသမ ၆ သန်းအထိ လျော့ကျခဲ့သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

# ပခုံးပုတ်ပြီးတော့ပြောရဦးမယ်

## မန်းပေါက်ပေါက်

မန်းပေါက်ပေါက်တို့က မန္တလေးမှာပဲမွေး၊ မန္တလေးမှာပဲကြီးပြင်းခဲ့သူပါ။ မန္တလေးမွေးတာမှ မြို့ပေါ်မှာမွေးတာကြောင့် ဝမ်းဗိုက်မှာ နန်းတွင်းပွတ်လုံးတိုင် ရွှေတွေတောင်ကပ်နေတဲ့သူပဲလို့တောင် ငယ်ငယ်က ကြားမိပါသေးရဲ့။ နာမည်နဲ့လိုက်အောင် ပေါက်ပေါက်မြောက်မြောက်လည်း ရှိသင့်သလောက်ရှိတာမို့ မန္တလေးတစ်ခွင် အပ်ကျတာတောင် သိနိုင်တဲ့အထိ စပ်စပ်စုစု လုပ်တတ်သူလည်းဖြစ်ပါတယ်။ မကြာမီက မန္တလေးကို နိုင်ငံခြားသားတစ်စုရောက်နေကြပြီး ဟိုနေရာ ကားတဝီဝီ၊ ဒီနေရာ ကားတဝီဝီနဲ့ မျက်စိနောက်အောင် မြင်နေရလို့ ပထမတော့ ဒါနိုင်ငံခြားသားတိုးရစ်တွေပဲလို့ မသိလိုက် မသိဘာသာနေမိတယ်။ ဒါပေမယ့် ဒီတိုးရစ်တွေကျတော့ တစ်မျိုးပါလားလို့ ထင်တော့ထင်မိသား။ တခြားတိုးရစ်တွေဆိုရင် ဘုရားကြီးသွားချင်သွား၊ မန္တလေးတောင်တက်ချင်တက်၊ ပြင်ဦးလွင်ရှုခင်း ကြည့်ချင်ကြည့်၊ ဈေးချိုမှာ ဈေးဝယ်ချင်ဝယ်တတ်ကြပေမယ့် ဒီတိုးရစ်တွေကျတော့ မန္တလေးတိုင်း အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် စည်းရုံးရေးကော်မတီဥက္ကဋ္ဌတို့၊ အမှုဆောင်တို့နဲ့ တွေ့လိုတွေ့၊ တိုင်းရင်းသားဇနီးမောင်နှံ နှစ်ယောက်ကို လိုက်မေးလိုမေး၊ တရားဥပဒေအရ အရေးယူအပြစ်ပေးခံခဲ့ရတဲ့ ဇာတ်သဘင်နဲ့ စာပေနယ်က လူပုဂ္ဂိုလ်တချို့ကို တကူးတကသွားဆုံလိုဆုံ၊ သက်ဆိုင်ရာ အာဏာပိုင် အဖွဲ့အစည်းရဲ့ ခွင့်ပြုချက်မယူဘဲ မန္တလေးမြို့ပေါ်က ကျောင်းသားတွေနဲ့ တွေ့ဆုံဆွေးနွေးဖို့ ဖိတ်လိုဖိတ်၊ Crash (ကြေမွအက်ကွဲခြင်း) ဆိုတဲ့ ဆင်ဆာခွင့်ပြုချက်မရှိတဲ့ နိုင်ငံရေးရုပ်ရှင်ကိုပြဖို့စီစဉ်လိုစီစဉ်၊ အို ဟိုနေရာ စုစု ဒီနေရာစုစုနဲ့ မျက်စိစပါးမွေးစူးစရာ ဖြစ်လို့နေရဲ့။

မန်းပေါက်ပေါက်ပဲ ဘာရမလဲ၊ စပ်စပ်စုစုလုပ်ကြည့်တော့ ဒီမျက်နှာဖြူတွေဟာ သာမန်ကမ္ဘာလှည့်ခရီးသည် တိုးရစ်တွေမဟုတ်ဘူး။ အမေရိကန်သံရုံးကဝန်ထမ်းတွေတဲ့၊ တိတိကျကျပြောရရင် အမေရိကန်သံရုံးက သံရုံးယာယီတာဝန်ခံ၊ သံရုံးပထမအတွင်းဝန်တို့အပါအဝင် စစ်သံမှူးနဲ့ သံတမန်တွေ၊သံရုံးဝန်ထမ်းတွေဖြစ်တယ်ဆိုတာ သိလိုက်ရတယ်။ ဖြစ်ရပ်က ဒီလောက်ပါပဲ၊ ဒီလောက်နဲ့တင်ပြီးလို့တော့မန်းပေါက်ပေါက်တို့နဲ့ ဘာမှ မဆိုင်၊ မဆိုင်ရေးချမဆိုင်။ ဒါပေမယ့် ၂၀၀၆ ခုနှစ် မတ် ၂ ရက် ညက ဗွီအိုအေဆိုတဲ့ အမေရိကန်အသံနားထောင်မိတော့ အံ့လည်းအံ့သြ၊ ခံလည်းခံပြင်းမိပါရဲ့၊ ဒီမိုကရေစီ ဘိုးအေဆိုတဲ့ နိုင်ငံကြီးသားတွေ ဖြောင်လိမ်ဖြောင်စားလုပ်တတ်ပုံကို ပြောပါတယ်။ ဒါကြောင့်လည်း မီဒီယာကို မီဒီယာနဲ့ တုံ့ပြန်ဆိုတဲ့အတိုင်း မရေးမဖြစ် ရေးလိုက်မိတော့တာပဲ၊ သူတို့ဘယ်လို အသံလွှင့်သွားတယ်ဆိုတာ စပြောမယ်နော်။

"ရန်ကုန်အခြေစိုက် အမေရိကန်သံရုံးနဲ့ အမေရိကန်စင်တာက ဝန်ထမ်းတွေဟာ ဖေဖော်ဝါရီ ၂၇ရက်မှာ မန္တလေးမြို့ကိုသွားရောက်ပြီး အင်္ဂလိပ်စာသင်ကြားရေးအတွက် မန္တလေးမြို့က လူငယ်ကျောင်းသားတွေနဲ့ တွေ့ဆုံဆွေးနွေးခဲ့တယ်။ မြန်မာနိုင်ငံက ကျောင်းသူ၊ကျောင်းသားတွေ အင်္ဂလိပ်စာအထောက်အကူရရေးအတွက် သိပ်လိုအပ်နေလို့ သံရုံး ယာယီတာဝန်ခံနဲ့အဖွဲ့က မန္တလေးမြို့မှာ ပညာရေးအစီအစဉ် ဆောင်ရွက်ရေး အတွက် သွားရောက်တာဖြစ်ပါတယ်။ ပညာရေးအစီအစဉ်အတွက် အာဏာပိုင်အဖွဲ့အစည်းနဲ့တွေ့ပြီးမှ အလုပ်လုပ်တာ ဖြစ်ပါတယ်။ ဒီအခြေအနေတွေကို အမည်မသိအဖွဲ့အစည်းတွေက မန္တလေးမှာ အမေရိကန်တွေ ခြေရှုပ်နေပြီ သတိထားကြစို့လို့ ပစ်စာတွေဖြန့်ဝေခဲ့တယ်"လို့ အသံလွှင့်လာကြတယ်။

**သတင်းလွတ်လပ်ခွင့်ကို တကြော်ကြော်တောင်းဆိုနေတဲ့ အမေရိကန်တွေ အခုတော့ သတင်းအမှန်ကို ထိမ်ချန်ပြီး သတင်းအမှားတွေနဲ့ ကမ္ဘာကိုလိမ်ညာလှည့်ဖြားနေပါကလား၊ မီဒီယာရဲ့အခြေခံကျင့်ဝတ်ကို ဘွင်းဘွင်းကြီးဖောက်ပြန်ပြနေပါရောကလား၊ ဒါကလည်း သိပ်ဆန်းတဲ့ကိစ္စတော့ မဟုတ်ပါဘူးလေ၊ အမေရိကန်အစိုးရ အဆက်ဆက်တို့ရဲ့ မြန်မာနိုင်ငံနဲ့ပတ်သက်တဲ့ သဘောထားတွေ၊ ရပ်တည်မှုတွေက ဘယ်တုန်းကများ ရိုးသားဖူးလို့လဲ။**

ပါလီမန် ဒီမိုကရေစီခေတ်တုန်းကဆိုရင် အမေရိကန်အစိုးရရဲ့ နှောင်ကြိုးမဲ့အကူအညီတွေဆိုပြီး ဖို့ဒ်ဖောင်ဒေးရှင်း၊ အာရှဖောင်ဒေးရှင်း အဖွဲ့က စာပေလောက၊ သတင်းစာလောက၊ ကျောင်းသားလောက၊ ဘာသာရေးလောက လူပုဂ္ဂိုလ်နဲ့ ရဟန်းသံဃာတချို့အထိ ထိုးဖောက်စည်းရုံးအသုံးချခဲ့တာ အထင်အရှားပဲမဟုတ်လား။ မန္တလေးတောင်ပေါ်က ပုံနှိပ်တိုက်နဲ့ ဂျာနယ်တစ်စောင်ဟာ အမေရိကန်အစိုးရ အလိုကျ သတင်းတွေ၊ ဆောင်းပါးတွေ ပုံနှိပ်ဖော်ပြခဲ့ပြီး ကြော်ငြာဝင်ထိုးခဲ့တာ မှတ်မိပါသေးတယ်။ သတင်းစာတချို့မှာလည်း သံရုံးကြော်ငြာတွေ ပိုက်ဆံပေး ထည့်ခိုင်းပြီး အမေရိကန်ရဲ့ ဆန့်ကျင်ဘက် နိုင်ငံတွေကို ဝေဖန်တဲ့ ဆောင်းပါးတွေ၊ သတင်းတွေရေးခိုင်းခဲ့တယ်လေ။

တော်လှန်ရေးကောင်စီအစိုးရနဲ့ လမ်းစဉ်ပါတီအစိုးရ လက်ထက်တွေမှာလည်း CIA အနွယ်တွေ ခြေရှုပ်ခဲ့ကြတယ်။ ၁၉၈၈ ဆူပူမှု အရေးအခင်းကာလမှာတော့ အမေရိကန်သံအမတ်တို့၊ ဆီနိတ်တာတို့ အပါအဝင် ပုဂ္ဂိုလ်တချို့ဟာ မြန်မာ့ပြည်တွင်းရေးကို အမျိုးမျိုးစွက်ဖက်ခဲ့တာ အထင်အရှားပါပဲ၊ ကုန်ကုန်ပြောရရင်တော့ ၁၉၈၈ ခုနှစ် စက်တင်ဘာလ ၁၈ရက်ကနေ ယနေ့အထိ အမေရိကန်အစိုးရဟာ မြန်မာ့ပြည်တွင်းရေးကို ဖိအားပေးစွက်ဖက်ခဲ့တာ တောက်လျှောက်လို့ပဲ ဆိုပါစို့၊ မန်းပေါက်ပေါက်မှာ ခေတ်အဆက်ဆက်သတင်းစာတွေ စုထားတယ်လေ။ "သတင်းစာများသည် သမိုင်းကို ပြောပြနေကြသည်"ရယ်လို့ အဆိုရှိတယ်မဟုတ်လား။ ခေတ်အဆက်ဆက်သတင်းစာတွေကို မန္တလေး တက္ကသိုလ်စာကြည့်တိုက်တို့၊ ရန်ကုန်က အမျိုးသားစာကြည့်တိုက်တို့မှာ သွားဖတ်ကြည့်ရင် သင်ခန်းစာယူစရာတွေ၊ ခံပြင်းစရာတွေ အများကြီး တွေ့ရမှာပါ။

အမေရိကန်စင်တာဆိုလို့ မန်းပေါက်ပေါက်သိသမျှပြောရဦးမယ်။ အမေရိကန်သံရုံးမှာ အရင်တုန်းကတော့ U.S.I.S ဆိုတဲ့ အမေရိကန် ပြန်ကြားရေးဌာနဆိုတာရှိတယ်လေ။ အဲဒီကနေ ဝါဒဖြန့်စာအုပ်တွေ အများကြီးစီစဉ်ထုတ်ဝေတာပေါ့။ သူတို့သံရုံးနာမည်နဲ့ မဟုတ်ဘဲ ပုဂ္ဂလိကစာအုပ်တိုက်တချို့ကို ငွေပေးစည်းရုံးပြီး သံရုံးဝါဒဖြန့် စာအုပ်တွေကို ထုတ်ခိုင်းတာလည်းရှိသေးတယ်။ ဘယ်သူတွေနဲ့ ဘယ်စာအုပ်တိုက်တွေဆိုတာကတော့ မြန်မာစာပေလောကက ရှေးမီနောက်မီ ပုဂ္ဂိုလ်တွေ ကောင်းကောင်းကြီး သိကြပါတယ်။ U.S.I.S ဆိုတဲ့ စာကြည့်တိုက်လည်းဖွင့်သေးတယ်။ စာကြည့်တိုက်အယောင်ပြပြီး အမေရိကန်ကို အထင်ကြီးအောင် စည်းရုံးတာပါပဲ။ အခုတော့ U.S.I.S ကနေ အမေရိကန်စင်တာ ဖြစ်လာပါတယ်။ တကယ်တော့ ဘာဘူကြီးနဲ့ အရာကြီးပါပဲ။

ရည်ရွယ်ချက်က အတူတူပါပဲ။ အမေရိကန်စင်တာမှာ စာကြည့်တိုက်လည်းထားတယ်။ နောက်ပြီး ရုပ်ရှင်လည်း အပတ်စဉ်လိုလိုပြတယ်။ အမေရိကန်သမ္မတရွေးကောက်ပွဲကို ဘယ်လို ဒီမိုကရေစီကျကျ၊ တရားမျှမျှတတ ရွေးချယ်တယ်ဆိုတဲ့ သတင်းကားမျိုးတွေကအစ အမေရိကန် လူနေမှုဘဝ တိုးတက်ကြီးပွားနေပုံမျိုး သွားရည်ကျစရာပြကွက်တွေ အလယ်၊ Crash (ကြေမွအက်ကွဲခြင်း)လို နိုင်ငံရေးရုပ်ရှင်တွေအထိ ပြတတ်တယ်။ အမေရိကန်စင်တာမှာ အင်္ဂလိပ်စာသင်ကြားရေးအစီအစဉ်တွေလည်းရှိတယ်။ ယနေ့ခေတ် မြန်မာလူငယ် ကျောင်းသားတွေဟာ နိုင်ငံခြားဘာသာစကားတွေကို လေ့လာလိုက်စားတဲ့နေရာမှာ အတော်ကို အားကျစရာ ကောင်းပါတယ်။ တရုတ်ဘာသာစကား၊ ဂျပန်ဘာသာစကား၊ ရုရှားဘာသာစကားတွေအပြင် အခုအခါ ဂျာမန်တို့၊ စပိန်တို့၊ ကိုရီးယားတို့၊ ထိုင်းတို့လို ဘာသာစကားတွေကိုပါ အင်တိုက်အားတိုက် လေ့လာလိုက်စားနေကြတာ ဂုဏ်ယူစရာကြီးပါ။ အဲဒီအထဲမှာ အင်္ဂလိပ်ဘာသာစကားလည်း တစ်ခုအပါအဝင်ပေါ့။ အင်္ဂလိပ်ဘာသာစကားဆိုတာကလည်း ခုခေတ်မှာ အင်္ဂလိပ်လူမျိုးတစ်မျိုးတည်းပိုင်တဲ့ ဘာသာစကား မဟုတ်တော့ဘူးလေ။ English is not a British language အင်္ဂလိပ်ဘာသာစကားဟာ ဗြိတိသျှလူမျိုးတွေရဲ့ဘာသာစကား မဟုတ်တော့ဘူး။ နိုင်ငံတကာဘာသာစကား (International Language) ဖြစ်နေပြီ။ အင်္ဂလိပ်ဘာသာစကားကို ကြားခံအဖြစ်သုံးပြီး လူမျိုးအသီးသီး တစ်မျိုးနဲ့တစ်မျိုး ဆက်သွယ်ပြောဆိုကြတဲ့ ဆက်သွယ်ရေး ဘာသာစကားဖြစ်နေပြီလေ။ ဒါကို အကွက်မြင်တဲ့ အမေရိကန်စင်တာက အင်္ဂလိပ်စာသင်ကြားရေးသင်တန်းတွေ ဖွင့်လှစ်ပြီး စည်းရုံးရေးလုပ်တာ မဆန်းပါဘူး။ ဒါကတော့တစ်ပိုင်းပါ။ ထားပါတော့။ **ခုနောက်ပိုင်းဖွင့်တဲ့ English for Journalism သတင်းစာပညာအင်္ဂလိပ်စာဆိုတဲ့ သင်တန်းမျိုးကတော့ မြန်မာစာနယ်ဇင်းလောက ပုဂ္ဂိုလ်ငယ်လေးအချို့ကို သကာရည် အုပ်ထားတဲ့ ဆေးခါးကြီးတိုက်နေသလိုဖြစ်တဲ့အတွက် မီဒီယာအဆိပ် အတောက်လို့ ခေါ်နိုင်ပါတယ်။ ဒီသင်တန်းကို မနက်ပိုင်းမှာဖွင့်တယ်။ မနက်ပိုင်းမအားတဲ့သူတွေအတွက် ညနေပိုင်းသင်တန်းဖွင့်ပေးနေတယ်။ အထူးသဖြင့် စာနယ်ဇင်း လောကကို ခုမှဝင်ရောက်ခါစဖြစ်တဲ့ "အဖြူထည်" စာနယ်ဇင်းသမားငယ်လေးတွေကို သူတို့ ကြိုက်သလို အရောင်ဆိုးဖို့ ရည်ရွယ်စည်းရုံးတဲ့ သင်တန်းပါပဲ။**

လူငယ်ဆိုတာကတော့ ပွင့်လင်းတယ်။ အရာရာကို စူးစမ်းသိရှိလိုစိတ်ပြင်းပြတယ်။ မတရားမှုကို မကြိုက်ဘူး။ ဟန်ဆောင်ပန်ဆောင် မရှိတတ်ဘူး။ စိတ်ရောကိုယ်ပါ တက်ကြွလန်းဆန်းနေကြတဲ့သူတွေချည်းပဲ။ ပြန်ကြားရေးဝန်ကြီးဌာနကလဲ မဂ္ဂဇင်း၊ ဂျာနယ်လုပ်ချင်သူတိုင်းလိုလို မဂ္ဂဇင်း၊ ဂျာနယ်တွေ လွတ်လွတ်လပ်လပ်လုပ်နိုင်ဖို့ ခွင့်ပြုချက်ချမှတ်ပေးလို့ ခုဆို မြန်မာနိုင်ငံမှာ မဂ္ဂဇင်း၊ ဂျာနယ်တွေ နှစ်ရာကျော်လောက် အပြိုင်အဆိုင်ထုတ်ဝေနေတာ စာနယ်ဇင်းယိမ်းကနေသလို ကြည့်ကြည့်လို့ကောင်းသေးတော့။ ဒီလောက်မြိုင်မြိုင်ဆိုင်ဆိုင် ပျော်ပျော်ရွှင်ရွှင် များများစားစား စာနယ်ဇင်းရွှေခေတ်ရောက်နေတာ အရင်ဘယ်တုန်းကမှ မရှိခဲ့ပါဘူး။ စာနယ်ဇင်းတွေကများတော့ အယ်ဒီတာတွေ၊ သတင်းထောက်တွေလဲ အများကြီးလိုအပ်လာတာပေါ့။ သူတို့လို သင်ကြားပြသမယ့် စာနယ်ဇင်းပညာသင်တန်းဆိုတာကလည်း မရှိတော့။ စာနယ်ဇင်းပညာ သင်ယူချင်သူလေးတွေဟာ စာနယ်ဇင်းပညာ အကြောင်းရေးသမျှစာအုပ်တွေဖတ်၊ ဝါရင့်သတင်းစာဆရာကြီးတွေဆီက မေးမြန်းသိရှိသမျှတွေ နာယူရုံလောက်နဲ့ပဲ စမ်းတဝါးဝါးလုပ်ကိုင်နေကြရရှာပါတယ်။ "မုဆိုးစိုင်သင်" ဆိုသလို ဒီလိုပဲ လုပ်ရင်းကိုင်ရင်းနဲ့ တတ်မြောက်လာကြမှာတော့ သေချာပါတယ်။ အဲဒီအချိန်မှာ အမေရိကန်စင်တာက "သတင်းစာပညာ အင်္ဂလိပ်စာ"ဆိုတဲ့ သင်တန်းမျိုးဖွင့်တော့ ရေငတ်တုန်းရေတွင်းထဲ ကျသွားကြတာပေါ့။ ပညာဆိုတာက ဘာပညာသင်သင်ကောင်းတာပါပဲ။ ဒါပေမယ့် ရည်ရွယ်ချက်တွေ သွေဖည်ပြီး အဖြူကို အရောင်ဆိုးတာများ ကျတော့လဲ အန္တရာယ်ကမသေးလှဘူး။ "မန်းပေါက်ပေါက်" သိသမျှ အမေရိကန်စင်တာ သတင်းစာသင်တန်းဆင်းပြီးသူ ခုဆိုတစ်ရာကျော်လောက်ရှိတော့မယ်။ သူတို့ အသီးသီးဟာ ဂျာနယ်၊ မဂ္ဂဇင်းအသီးသီးမှာ အခုတာဝန်ယူလုပ်ကိုင်နေကြတဲ့သတင်းသမားတွေပဲ။"မန်းပေါက်ပေါက်" နဲ့ ဆွေလိုမျိုးလို ခင်မင်ရင်းနှီးတဲ့ စာနယ်ဇင်းသမား လူငယ်တော်တော် များများရှိတယ်။ သူတို့အထဲက အမေရိကန်စင်တာ သင်တန်းဆင်း တချို့ကို ပွင့်ပွင့်လင်းလင်းမေးကြည့်တယ်။ ဒီသင်တန်းဆင်းပြီးတဲ့အခါ မင်းတို့ တော်တော်ပဲ အင်္ဂလိပ်စာ ရေးတတ်လာသလားလို့၊ သူတို့ အားလုံးခေါင်းခါကြတယ်။ စာဖတ်သူတို့ စိတ်ဝင်စားရင် အဲဒီသင်တန်းဆင်း ပုဂ္ဂိုလ်တွေကို လက်တွေ့စမ်းသပ်အင်တာဗျူးလုပ်ကြည့်နိုင်ပါတယ်။ သတင်းတစ်ပုဒ်ကို အင်္ဂလိပ်ဘာသာစကားနဲ့ လိုရင်းတိုရှင်းရေးပြနိုင်ကြပါသလားလို့။ ဒါဖြင့်ရင် **အမေရိကန် ဆရာတွေက သုံးလလောက်ကြာ အချိန်ကုန်ခံပြီး ဘာတွေသင်နေသလဲလို့ ထပ်မေးကြည့်စမ်းပါ။ စာနယ်ဇင်းကျင့်ဝတ် (Journalists' Ethics)တွေသင်သလား၊ Journalists' Writing ခေါ်တဲ့ လိုရင်းတိုရှင်း သတင်းအရေးအသားရော သင်သလား။ တကယ်တော့ သတင်းကနည်းနည်း ဆရာတွေကသူတို့ သိချင်တဲ့သတင်းတော်တော်များများကို နှိုက်ထုတ်ယူသွားကြတာများပါတယ်။ မြန်မာပြည်ရဲ့ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးတွေကို ရေးခိုင်းပြီး သူတို့လိုချင်တဲ့ သတင်းအချက်အလက်တွေကို ကုပ်ကပ်အပြတ်ယူသွားကြတာပါပဲ။ ရိုးရိုးသားသား ဖြူဖြူစင်စင် မြန်မာသတင်းသမားတွေကတော့ အဲဒီလို ပညာသားပါပါနဲ့ အမြတ်ထုတ် ဦးနှောက်ဖောက်စားသွားတာ ရိပ်မိချင်မှ ရိပ်မိပါမယ်။** ဒီသင်တန်းဆင်းတွေထဲကမှ သူတို့နဲ့ ပိုအလွမ်းသင့်သူ (သူတို့ခိုင်းတိုင်းရမယ့်သူ)တွေကို ရွေးထုတ်ပြီး ထိုင်းနိုင်ငံတစ်ပတ်လွှတ်လိုက်၊ ကမ္ဘောဒီးယားတစ်လသွားခိုင်းလိုက် စသည်ဖြင့် လှည့်ပတ်ပို့ပေးပြီး စည်းရုံးနေကြပါတယ်။မြန်မာလူငယ်ဆရာကြီးသုံးလေးယောက်ကိုလဲ အမေရိကန်တို့ဘာတို့ လေငါးခေါက်လွှတ်ပြီး အကြိုက်ပေးတပည့်မွေးထားလေတော့ သူတို့ကတစ်ဆင့်သူတို့ တပည့်တွေကို စည်းရုံးလို့ရတာပေါ့။ သံရုံးတချို့နှင့် နိုင်ငံတကာအဖွဲ့ အစည်းတချို့မှာ ဝန်ထမ်းလုပ်နေတဲ့ မြန်မာတိုင်းရင်းသား ဒေါ်လာစား တော်တော်များများဟာလည်း ဥပဒေတစ်ခုခုနဲ့ ငြိစွန်းလို့ အပြစ်ဒဏ်ချမှတ်ခြင်းခံရတဲ့သူတွေ၊ အစိုးရအလုပ်က ထုတ်ပစ်ခြင်းခံရ သူတွေနဲ့ သူတို့ရဲ့ သားသမီးအဆက်အနွယ်တွေကိုသာ ဦးစားပေးအလုပ်ခန့် ထားကြသူတွေမို့လို့ မီဒီယာတချို့နဲ့ သတင်းပေး၊ သတင်းယူ အလွမ်းသင့် နေကြတဲ့သူတွေဆိုတာ ထင်ရှားပါတယ်။

အခုလည်း သံတမန်ကျင့်ဝတ်ကို ဖောက်ဖျက်ပြီး မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်နေကြတဲ့ အမေရိကန်သံရုံး သံတမန်တွေနဲ့ သံရုံးဝန်ထမ်းတွေကို"မန်းပေါက်ပေါက်"တို့ မန္တလေးသူ မန္တလေးသားတွေက ကန့်ကွက်စာတွေ၊သတိပေးစာတွေ ဖြန့်ဝေနေခြင်းဟာ အမျိုးသားရေးတာဝန်ကို ထမ်းဆောင်နေခြင်းဖြစ်လို့ "မန်းပေါက်ပေါက်" တို့တော့ လက်ခမောင်းခတ်ပြီး ကြိုဆိုထောက်ခံရကြောင်းပါဗျာ။ ။

> **သတင်းလွတ်လပ်ခွင့်ကို တကြော်ကြော်တောင်းဆိုနေတဲ့ အမေရိကန်တွေ အခုတော့ သတင်းအမှန်ကို ထိမ်ချန်ပြီး သတင်းအမှားတွေနဲ့ ကမ္ဘာကိုလိမ်ညာလှည့်ဖြားနေပါကလား၊ မီဒီယာရဲ့အခြေခံကျင့်ဝတ်ကို ဘွင်းဘွင်းကြီးဖောက်ပြန်ပြနေပါရောကလား၊ ဒါကလည်း သိပ်ဆန်းတဲ့ကိစ္စတော့ မဟုတ်ပါဘူးလေ၊ အမေရိကန်အစိုးရ အဆက်ဆက်တို့ရဲ့ မြန်မာနိုင်ငံနဲ့ပတ်သက်တဲ့ သဘောထားတွေ ရပ်တည်မှုတွေက ဘယ်တုန်းကများ ရိုးသားဖူးလို့လဲ။**



# ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး မော်စကိုမြို့ရှိ အညတြ စစ်သည်ဗိမာန်၌ ဂုဏ်ပြုပန်းခွေချ အလေးပြု

ရန်ကုန် ဧပြီ ၇

**ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးသည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသော စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး သီဟာသူရတင်အောင်မြင့်ဦးနှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီး မြတ်ဟိန်း၊ အစိုးရအဖွဲ့–အဖွဲ့ဝင် ဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံသံအမတ်ကြီး ဦးတင်စိုး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးကျော်ကျော်ဝင်းနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ စစ်သံမှူး ဗိုလ်မှူးချုပ်ထွန်းထွန်းတို့နှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်အကြီး Mr. Oleg Kabanovနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူး Mr. A.G. Sviridov တို့ လိုက်ပါလျက် ဧပြီ ၃ ရက် ဒေသစံတော်ချိန် ညနေ ၃ နာရီခွဲတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့ရှိ Alexandrovsky Garden ရှိ အညတြစစ်သည်ဗိမာန်၌ ဂုဏ်ပြုပန်းခွေချ အလေးပြုသည်။**

ထိုသို့အလေးပြုရာတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံတော်စစ်တီးဝိုင်းက ပြည်ထောင်စုမြန်မာနိုင်ငံတော် အမျိုးသားသီချင်းနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ အမျိုးသားသီချင်းတို့ကို တီးမှုတ်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် အညတြစစ်သည်ဗိမာန် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူပြီး ပြန်လည်ထွက်ခွာခဲ့သည်။ (သတင်းစဉ်)

**ဂုဏ်ပြု ပန်းခွေချ အလေးပြု**

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး အညတြ စစ်သည်ဗိမာန်၌ ဂုဏ်ပြုပန်းခွေချ အလေးပြုစဉ်။**

(သတင်းစဉ်)



**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး အညတြ စစ်သည်ဗိမာန်၌ ဂုဏ်ပြုပန်းခွေချစဉ်။**

(သတင်းစဉ်)


## မြန်မာ့ယဉ်ကျေးမှုသကြန်

* အမျိုးသားယဉ်ကျေးမှုကို ထိန်းသိမ်းပါ။
* သရုပ်ပျက်ယဉ်ကျေးမှုကို ရှောင်ကြဉ်ပါ။
* အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို မြန်မာ့ယဉ်ကျေးမှုသကြန်ဖြင့် မြှင့်တင်ပါ။

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ


## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

### ၈–၄–၂၀၀၆ (စနေနေ့)

| | |
|---|---|
| ၇း၀၀ | MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ် |
| ၇း၀၅ | ရေဆေးချက်စရာမလိုတဲ့ဆန် |
| ၇း၁၀ | မှိုအသားမျှင် တစ်သျှူးမျိုးပွားနည်း |
| ၇း၃၀ | ခါသကြန်အဆိုအက |
| ၇း၃၅ | ကျော်ကြားထင်ရှား အနုပညာပုလဲပန်းများ (စန္ဒရားချစ်ဆွေ) |
| ၈း၂၀ | ခါသကြန်အဆိုအက |
| ၈း၂၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၈း၃၅ | ယဉ်ကျေးမှုအမွေထိန်းသိမ်းဖို့ တစ်တပ်တစ်အားပါဝင်စို့ |
| ၈း၄၅ | မိုးလေဝသခန့်မှန်းချက် |
| ၈း၅၀ | ခါသကြန်အဆိုအက |
| ၈း၅၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၉း၀၀ | Learning English(Tools) |
| ၉း၁၀ | ခါသကြန်အဆိုအက |
| ၉း၁၅ | ရိုးမတောမှ ကျွန်းရတနာများ |
| ၉း၂၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၉း၃၅ | ခါသကြန်အဆိုအက |
| ၉း၄၀ | အခြေခံ ဘော်လီဘော ကစားနည်း နည်းစနစ်များ အပိုင်း(၂) |
| ၉း၅၅ | ဆက်သွယ်လုံခြုံနည်းအဖုံဖုံ |
| ၁၀း၁၀ | ခါသကြန်အဆိုအက |
| ၁၀း၁၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၀း၂၀ | ခါသကြန်အဆိုအက |
| ၁၀း၂၅ | မြန်မာ့မြေအောက်သယံဇာတများ ရွှေနှင့် ခဲမဖြူ သတ္တုတူးဖော်ရေးလုပ်ငန်း |
| ၁၀း၄၅ | Music Talk(3)(ဒေါက်တာ ဇော်သန်း၊ သန်းမြတ်စိုး၊ ဦးမျိုးမြတ်သူ) |
| ၁၁း၄၅ | ပြည်သူ့အတွက်ကျန်းမာရေး (ခါးနာရောဂါအကြောင်း မေးမြန်းခန်း) |
| ၁၂း၀၀ | MRTV-4 အပိတ် Logo |

**အထက်ပါ (၅)နာရီစာ အစီအစဉ်များကို ည(၂၃း၀၀)နာရီအထိ(၃)ကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။**

### English Premier League ဘောလုံးပွဲစဉ်များ

**ညပိုင်း အစီအစဉ်**

| | |
|---|---|
| ၄း၃၀ | ပရီမီယာပွဲကြိုသုံးသပ်ချက် –၁ (ကျောက်ဘီလူးတင်မောင်ဆွေ၊ နေမျိုးသူရ၊ ပြည့်ဖြိုးဟန်) |
| **လိုင်း** | 5-Sports |
| ၅း၃၀ | ပွဲကြိုသုံးသပ်ချက်(၂) |
| **လိုင်း** | 5-Sports(Live) |
| ၆း၁၀ | Tottenham Hotspurs-Man City |
| **လိုင်း** | 5-Sports (Live) |
| ၈း၂၄ | Charlton-Everton |
| **လိုင်း** | 5-Cartoons(Live) |
| ၈း၂၅ | Portsmouth-Black Burn |
| **လိုင်း** | 5-Sports (Live) |
| ၁၀း၃၀ | Sunderland-Fulham |
| **လိုင်း** | 5-Cartoons(Live) |
| ၁၀း၄၀ | Wigan-Birminghan |
| **လိုင်း** | 5-Sports (SDD) |

# ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ အစိုးရတို့အကြား နှစ်နိုင်ငံသဘောတူစာချုပ်များနှင့် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲ အခမ်းအနားကျင်းပ

ရန်ကုန် ဧပြီ ၇

**ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ အစိုးရတို့အကြား နှစ်နိုင်ငံ သဘောတူစာချုပ်များနှင့် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဝန်ကြီးချုပ် မစ္စတာမီခေး(လ်) ဖရက်ကော့(ဗ်)တို့ တွေ့ဆုံဆွေးနွေးပွဲအပြီး ဧပြီ ၃ ရက် ဒေသစံတော်ချိန် ညနေ ၅ နာရီတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့ Government House 5th Floor ရှိ Meeting Hall ၌ ကျင်းပသည်။**



## တက်ရောက်

အဆိုပါ လက်မှတ်ရေးထိုးပွဲ အခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့်အတူ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသော စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးတင်စိုး၊ ကာကွယ်ရေးဝန်ကြီးဌာန လျှပ်စစ်နှင့်စက်မှုအင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်အေးမြင့်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဉာဏ်လင်းတို့ တက်ရောက်ကြပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ မီခေး(လ်)ဖရက်ကော့(ဗ်)နှင့်အတူ စက်မှုလက်မှုနှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Andrey G. Reus၊ ဝန်ကြီးချုပ်၏ လက်ထောက် Mr. Sergey Yu. Vinokurov၊ အပြည်ပြည်ဆိုင်ရာ ဆက်ဆံရေးဌာနမှူး Mr. Tatyana D. Valouaya ၊ မူးယစ်ဆေးဝါး တရားမဝင် သယ်ဆောင်ရောင်းဝယ်မှု ထိန်းချုပ်ရေးဖက်ဒရယ်အဖွဲ့ဥက္ကဋ္ဌ Mr. Victor Cherkesov ၊ ရုရှားဖက်ဒရယ်လုံခြုံရေးဌာန ဒုတိယဥက္ကဋ္ဌ Mr. Smirnov၊ JSC ကုမ္ပဏီမှ ညွှန်ကြားရေးမှူးချုပ် Mr. Nikolay Tokarev၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး Mr. Oleg V. Kabanovနှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။



**ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဝန်ကြီးချုပ် မစ္စတာမီခေး(လ်)ဖရက်ကော့(ဗ်)တို့ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ အစိုးရတို့ အကြား နှစ်နိုင်ငံသဘောတူစာချုပ်များနှင့် နားလည်မှုစာချွန်လွှာ လက်မှတ် ရေးထိုးပွဲ အခမ်းအနားသို့ တက်ရောက်ချီးမြှင့်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ တော် ကာကွယ်ရေးဝန်ကြီးဌာန လျှပ်စစ်နှင့်စက်မှုအင်ဂျင်နီယာရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်အေးမြင့်နှင့် ရုရှားဖက်ဒရယ်လုံခြုံရေးဌာန ဒုတိယဥက္ကဋ္ဌ Mr. Smirnov တို့ သဘောတူစာချုပ်ကို လက်မှတ် ရေးထိုးကြစဉ်။** (သတင်းစဉ်)

## စာချွန်လွှာလဲလှယ်

အစီအစဉ်အရ ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ အစိုးရတို့အကြား ချုပ်ဆိုသော Memorandum of Understanding on Strategic Cooperation in Petroleum Sector between Ministry of Energy of the Government of the Union of Myanmar and JSC Zarubezhneft the State Company of Russian Federation ကို ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးတင်စိုးနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ JSC ကုမ္ပဏီမှ ညွှန်ကြားရေးမှူးချုပ် Mr. Nikolay Tokarevတို့က လက်မှတ်ရေးထိုးကြပြီး နားလည်မှုစာချွန်လွှာကို အပြန်အလှန် လဲလှယ်ကြသည်။

ဆက်လက်၍ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ အစိုးရတို့အကြား ချုပ်ဆိုသော Agreement between the Central Committee for Drug Abuse Control of the Union of Myanmar and the Federal Service of the Russian Federation on Narcotics Traffic Control on Cooperation in Combating illicit trafficking of narcotic drugs Psychotropic Substances and their Precursorsကို မြန်မာနိုင်ငံ မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေတတ်သော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ မူးယစ်ဆေးဝါး တရားမဝင် သယ်ဆောင်ရောင်းဝယ်မှု ထိန်းချုပ်ရေး ဖက်ဒရယ်အဖွဲ့ဥက္ကဋ္ဌ Mr. Victor Cherkesov တို့က လက်မှတ်ရေးထိုးကြပြီး သဘောတူစာချုပ်ကို အပြန်အလှန် လဲလှယ်ကြသည်။

ယင်းနောက် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ အစိုးရတို့အကြား ချုပ်ဆိုသော Agreement between the Government of the Union of Myanmar and the Government of the Russian Federation on the Mutual Protection of Classified Information ကို ပြည်ထောင်စု မြန်မာနိုင်ငံတော် ကာကွယ်ရေးဝန်ကြီးဌာန လျှပ်စစ်နှင့်စက်မှုအင်ဂျင်နီယာရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်အေးမြင့်နှင့် ရုရှားဖက်ဒရယ်လုံခြုံရေးဌာန ဒုတိယဥက္ကဋ္ဌ Mr. Smirnov တို့က လက်မှတ်ရေးထိုးကြပြီး သဘောတူစာချုပ်ကို အပြန်အလှန် လဲလှယ်ကြကာ လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

**ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ မီခေး(လ်)ဖရက်ကော့(ဗ်)တို့ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ အစိုးရတို့ အကြား နှစ်နိုင်ငံသဘောတူစာချုပ်များနှင့် နားလည်မှုစာချွန်လွှာ လက်မှတ် ရေးထိုးပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်ရာ မြန်မာနိုင်ငံ မူးယစ် ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ မူးယစ်ဆေးဝါး တရားမဝင် သယ်ဆောင် ရောင်းဝယ်မှုထိန်းချုပ်ရေး ဖက်ဒရယ်အဖွဲ့ဥက္ကဋ္ဌ Mr. Victor Cherkesov တို့ သဘောတူစာချုပ်ကို လက်မှတ် ရေးထိုးကြစဉ်။** (သတင်းစဉ်)





နယ်ပယ်အသီးသီ
နိုင်ငံတကာ အ
ကုလသမဂ္ဂပြပြင်
ကုန်သွယ်ရေးနှင့် 
နိုင်ငံတော

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံ
ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ရုရှားဖ
၁၅မိနစ်တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံ
ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်
ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယ
ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ
ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရနှင့် ရုရှ
အကြား နှစ်နိုင်ငံသဘောတူစာချုပ်များနှင့် နာ
ရေးထိုးပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်
ဦးတင်စိုးနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ JS
ချုပ် Mr. Nikolay Tokarevတို့ နားလ
ရေးထိုးကြစဉ်။

✡ စာမျက်နှာ ၉ မှ

ရေးကို ပိုမိုတိုးတက်စေသော အခြေခံကောင်းတစ်ခုဖြစ်ကြောင်း။

မြန်မာ–ရုရှား နှစ်နိုင်ငံ နိုင်ငံခြားရေး ဝန်ကြီးဌာနများအကြား ပုံမှန်ညှိနှိုင်းဆွေးနွေးရန် သဘောတူစာချုပ်ကို ၁၉၉၉ ခုနှစ်တွင် သဘောတူလက်မှတ်ရေးထိုးခဲ့ကြကြောင်း၊ ယင်းစာချုပ် ချုပ်ဆိုနိုင်ခဲ့ခြင်းကြောင့် မိမိတို့နှစ်နိုင်ငံအနေဖြင့် ကုလသမဂ္ဂ အပါအဝင် နိုင်ငံတကာ ဖိုရမ်များတွင် ထိတွေ့ညှိနှိုင်း တိုင်ပင်မှုများ ပြုလုပ်နိုင်ခဲ့ကြောင်း၊ ကုလသမဂ္ဂ ပြုပြင်ပြောင်းလဲရေးနှင့် ပတ်သက်၍ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ သဘောထားနှင့် ရပ်တည်ချက်ကို မိမိတို့ကောင်းစွာနားလည် သဘောပေါက်ပါကြောင်း၊ ထို့ကြောင့် ကုလသမဂ္ဂ ပြုပြင်ပြောင်းလဲရေးကိစ္စနှင့် စပ်လျဉ်းပြီး မိမိတို့ နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်ပါကြောင်း။

မိမိတို့နှစ်နိုင်ငံ၏ ကုန်သွယ်ရေးနှင့် စီးပွားရေးဆက်ဆံမှု အခြေအနေကို လေ့လာကြည့်သည့်အခါ နှစ်ဦးနှစ်ဖက် ဆက်လက်ပူးပေါင်းဆောင်ရွက်ရန် အခွင့်အလမ်းများရှိနေသည်ကို ဝမ်းမြောက်ဖွယ် တွေ့ရှိရပါကြောင်း၊ နှစ်နိုင်ငံ ကုန်သွယ်ရေး မြှင့်တင်နိုင်ရန်အတွက် အစိုးရပိုင်းအချင်းချင်း ပူးပေါင်းဆောင်ရွက်ရုံသာမက ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းရှင်များ အချင်းချင်း ပူးပေါင်းဆောင်ရွက်သွားရန်လည်း အားပေးပါကြောင်း၊ ရုရှား စီးပွားရေးလုပ်ငန်းရှင်များအား မြန်မာနိုင်ငံ၌ လာရောက် ရင်းနှီးမြှုပ်နှံကြရန်လည်း ကြိုဆိုဖိတ်ခေါ်ပါကြောင်း၊ မြန်မာနိုင်ငံ၌ ဆန်စပါး အပြင် စိုက်ပျိုးရေးကဏ္ဍ၊ ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ကဏ္ဍနှင့် သဘာဝသယံဇာတပစ္စည်း တူးဖော်ထုတ်လုပ်ရေးကဏ္ဍများတွင် အခွင့်အလမ်းကောင်း များစွာရှိသည့်အတွက် လာရောက်လေ့လာ ရင်းနှီးမြှုပ်နှံမှုနှင့် လိုအပ်သော နည်းပညာများကို မိမိတို့ ကြိုဆိုပါကြောင်း။

ယနေ့ညနေပိုင်းတွင် ဝန်ကြီးချုပ် မစ္စတာ မီခေး(လ်)ဖရက်ကော့(ဗ်)နှင့် အလွန်အကျိုးရှိသော ဆွေးနွေးမှုများ ပြုလုပ်နိုင်ခဲ့ကြောင်း၊ ဤဆွေးနွေးပွဲတွင် မိမိတို့သည် ဒေသတွင်း အခြေအနေများ၊ နိုင်ငံတကာအခြေအနေများကို လေ့လာသုံးသပ်ကြရာတွင် တူညီသော သဘောထား အမြင်များ ရရှိခဲ့သည်ကိုလည်း များစွာ ကျေနပ်မိပါကြောင်း၊ မိမိတို့၏ ခရီးစဉ်အတွင်းတွင် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက် လေးရပ်ကို ချုပ်ဆိုနိုင်သည့်အတွက်လည်း များစွာ ကျေနပ်အားရဖြစ်မိပါကြောင်း၊ ဤခရီးစဉ်သည် အောင်မြင်မှုရရှိပြီး မိမိတို့၏ လက်ရှိဆက်ဆံရေးကို ပိုမိုခိုင်မာအောင် ပြုလုပ်နိုင်လိမ့်မည်ဟု မျှော်လင့်ပါကြောင်းဖြင့် ရှင်းလင်းပြောကြားပြီး သတင်းစာရှင်းလင်းပွဲကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

# သတိ

ရန်ကုန်မြို့တော်အတွင်း ဟွန်းမတီးရ။

**ယာဉ်စည်းကမ်းထိန်းသိမ်းရေးကော်မတီ**

# မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန် ဆင်နွှဲသူများလိုက်နာရန် တိုက်တွန်းနှိုးဆော်ချက်

(က)မြန်မာ့ရိုးရာ ယဉ်ကျေးမှုဓလေ့စရိုက်နှင့် ဖီလာဆန့်ကျင်ပြီးမြန်မာလူမျိုးများ၏ အမြင်တွင် မတင့်တယ်သည့် ဝတ်စားဆင်ယင်မှု၊ ပြုမူပြောဆိုမှုများ မပြုလုပ်ရန်။

(ခ)ဗုဒ္ဓဘာသာယဉ်ကျေးမှုအဆုံးအမနှင့် ဖီလာဆန့်ကျင်သည့်အပြုအမူ၊ ပြောဆိုမှုများ မပြုလုပ်ရန်။

(ဂ)အချင်းချင်း ဒဏ်ရာအနာတရဖြစ်စေပြီး အန္တရာယ်ဖြစ်စေသည့် ကြမ်းတမ်းသည့် ရေကစားမှုများ မပြုလုပ်ရန်။

(ဃ)တိုင်းရင်းသား စည်းလုံးညီညွတ်မှုကို ပျက်ပြားစေပြီး ဆူပူမှုကို ဖြစ်စေနိုင်သည့် လှုံ့ဆော်ဖန်တီးပြုမူ ပြောဆို၊ ကြိုးပမ်းမှုများကို မပြုလုပ်ရန်။

**မဟာသင်္ကြန်စည်းကမ်းထိန်းသိမ်းရေးကော်မတီ**

# မြန်မာ့ယဉ်ကျေးမှုသင်္ကြန်

* အမျိုးသားယဉ်ကျေးမှုကို ထိန်းသိမ်းပါ။

* သရုပ်ပျက်ယဉ်ကျေးမှုကို ရှောင်ကြဉ်ပါ။

* အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို မြန်မာ့ယဉ်ကျေးမှုသင်္ကြန်ဖြင့် မြှင့်တင်ပါ။

**ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ**

# ရေခဲထုပ်၊ ရေပူဖောင်း ဆပ်ပြာရည်ဂက်စ်ဘူးဖြင့် ကစားက

| | |
|---|---|
| ၁။ လက်ဝယ်တွေ့သူ | ထောင်(၁)နှစ်၊ |
| ၂။ ကစားသူ | ထောင်(၃)နှစ်၊ |
| ၃။ ထုတ်လုပ်ရောင်းချသူ | ထောင်(၅)နှစ်နှင့် ပစ္စည်းကိုသိမ်း |

**ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ**

# သတိပြုရန်

**(က) မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ကာလအတွင်း ယာဉ်မောင်းသူများ လိုက်နာရန်–**

(၁) မူးယစ်သောက်စား ယာဉ်မမောင်းရ။

(၂) အပျော်လွန်ကျူး စည်းကမ်းမဲ့ပြိုင်မမောင်းရ၊ လုမမောင်းရ။

(၃) မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များတွင် အိတ်ဇောပိုက် ဖြုတ်မမောင်းရ။

(၄) ယာဉ်နံပါတ်ပြားမပါရှိဘဲ မမောင်းရ။

(၅) ယာဉ်နံပါတ်အတုများ၊ အခြားယာဉ်နံပါတ်များ တပ်ဆင်ခြင်း လုံးဝမပြုရ။

(၆) ယာဉ်၏ဘေးတံခါးများ၊ နောက်ဖုံးများဖြုတ်၍ မောင်းနှင်ခြင်း မပြုရ။

(၇) ယာဉ်မောင်းလိုင်စင်နှင့် ယာဉ်မှတ်ပုံတင်(ဗီးတက်) မပါဘဲ မမောင်းရ။

(၈) ဖျက်သိမ်းထားသော ယာဉ်အို/ယာဉ်ဟောင်းများနှင့် ပြုပြင်ဆဲယာဉ်များ မမောင်းရ။

(၉) နိုင်ငံတကာအလံများ ယာဉ်တွင်တပ်ဆင်၍ မောင်းနှင်ခြင်း မပြုရ။

(၁၀) ရန်ကုန်မြို့တော် စည်ပင်သာယာနယ်နိမိတ်အတွင်း မည်သည့်မော်တော်ဆိုင်ကယ်မျှ စီးနင်းခြင်းလုံးဝမပြုရ။

**(ခ) ဟွန်းသံကင်းမဲ့ဇုန်များအတွင်း ဟွန်းလုံးဝမတီးရ။**

**(ဂ) ကျူးလွန်ပါက တည်ဆဲဥပဒေအရ ထိရောက်စွာအရေးယူမည်။**

**(ဃ) “သင့်ကြောင့် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ကို အကျည်းတန် မညစ်နွမ်းပါစေနှင့်”**

**ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**



# ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးအား ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဝန်ကြီးချုပ်က ဂုဏ်ပြု ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံ

ရန်ကုန် ဧပြီ ၇

**ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးအား ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဝန်ကြီးချုပ် မစ္စတာမီခေး(လ်) ဖရက်ကော့(ဗ်)က ဧပြီ ၃ရက် ဒေသစံတော်ချိန် ညနေ ၅နာရီ ၄၅မိနစ်တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့ရှိ** Government House 3th Floor **ရှိ Reception Hall ၌ ဂုဏ်ပြု ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။**

အဆိုပါ ဂုဏ်ပြုညစာစားပွဲသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသော စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့် ဒုတိယဗိုလ်ချုပ်ကြီး တင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ အစိုးရအဖွဲ့–အဖွဲ့ဝင် ဝန်ကြီးများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံသံအမတ်ကြီး ဦးတင်စိုး၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများနှင့် ဌာနဆိုင်ရာ အကြီးအကဲများတက်ရောက်ကြပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဝန်ကြီးချုပ် မစ္စတာမီခေး(လ်)ဖရက်ကော့(ဗ်)နှင့်အတူ စက်မှုလက်မှုနှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Andrey G. Reus ၊ ဝန်ကြီးချုပ်၏ လက်ထောက် Mr. Sergey Yu Vinokurov ၊ အပြည်ပြည်ဆိုင်ရာ ဆက်ဆံရေးဌာနမှူး Mr. Tatyana D. Valouaya ၊ မူးယစ်ဆေးဝါး တရားမဝင်သယ်ဆောင်ရောင်းဝယ်မှု ထိန်းချုပ်ရေး ဖက်ဒရယ်အဖွဲ့ ဥက္ကဋ္ဌ Mr. Victor Cherkesov ၊ ရုရှားဖက်ဒရယ် လုံခြုံရေးဌာန ဒုတိယဥက္ကဋ္ဌ Mr. Smirnov၊ JSC ကုမ္ပဏီမှ ညွှန်ကြားရေးမှူးချုပ် Mr. Nikolay Tokarev ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး Mr. Oleg V. Kabanov နှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

ဂုဏ်ပြုညစာစားပွဲ အပြီးတွင် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးခေါင်းဆောင်သော မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ် အဖွဲ့ဝင်များသည် မော်စကိုမြို့ရှိ ခေတ္တ တည်းခိုသည့် President Hotel သို့ ပြန်လည်ရောက်ရှိ ရပ်နားကြသည်။ (သတင်းစဉ်)

☆ စာမျက်နှာ ၃မှ

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးအား ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက ၎င်းနှင့်အတူကြိုဆိုနှုတ်ဆက်ကြသည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ–နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့် အရာရှိကြီးများနှင့် မိတ်ဆက်ပေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီးဒေါ်မြမြစန်းတို့အား မြန်မာကလေးငယ် အမျိုးသားလေးနှင့် အမျိုးသမီးလေးတို့က ဂုဏ်ပြုပန်းစည်းကို ဂါရဝပြုပေးအပ်ကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးအား မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ် အဖွဲ့ဝင်များနှင့် ပြန်လည်မိတ်ဆက်ပေးသည်။

ဆက်လက်၍ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ ပြည်ထောင်စု မြန်မာနိုင်ငံ သံအမတ်ကြီး ဦးတင်စိုး၏ဇနီး ဒေါ်မြင့်မြင့်သိန်း၊ စစ်သံမှူးဗိုလ်မှူးချုပ် ထွန်းထွန်းနှင့် ဇနီး ဒေါ်ခင်သောင်းနွယ်၊ မြန်မာသံရုံး၊ စစ်သံရုံးဝန်ထမ်းများနှင့် မိသားစုများက ဂါရဝပြုကြိုဆိုကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. A.Y. Alekseev တို့သည် ဂုဏ်ပြုတပ်ဖွဲ့၏ ချီတက်လေးပြုခြင်းကို ခံယူကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီးဒေါ်မြမြစန်းတို့ ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ် အဖွဲ့ဝင်များသည် ရုရှားဖက်ဒရေးရှင်း နိုင်ငံ မော်စကိုမြို့ရှိ ခေတ္တတည်းခိုမည့် President Hotel သို့ ရောက်ရှိ ရပ်နားကြသည်။ (သတင်းစဉ်)

## ဘီစီ(၅)ရာစုခန့်မှ ရှေးဟောင်းငွေထည်လက်ရာပစ္စည်းများ ဟန်လင်းမြို့ဟောင်းမှ ဖော်ထုတ်ရရှိ

**စစ်ကိုင်းတိုင်း ဟန်လင်းမြို့ဟောင်းမှ ဖော်ထုတ်ရရှိခဲ့သော ရှေးဟောင်း ငွေထည်လက်ရာပစ္စည်းများကို တွေ့ရစဉ်။** (ယဉ်ကျေးမှု)



ရန်ကုန် ဧပြီ ၇

**ယဉ်ကျေးမှုဝန်ကြီးဌာန၏ စီစဉ်မှုဖြင့် လွန်ခဲ့သောနှစ်ပေါင်း ဘီစီ(၅)ရာစုခန့်မှ ရှေးဟောင်း ငွေထည်လက်ရာပစ္စည်းများကို စစ်ကိုင်းတိုင်းရှိ ဟန်လင်းမြို့ဟောင်းမှ ဖော်ထုတ်ရရှိ ခဲ့သည်။ အဆိုပါရှေးဟောင်းငွေထည်လက်ရာပစ္စည်းတို့မှာ–**

(က) ပျူအက္ခရာများပါရှိသော ငွေထည်ဖလားအဖုံး (၂)ခု
(ခ) ပန်းကန်လုံးပုံသဏ္ဌာန် ရိုးရိုးငွေခွက် (၂)ခု
(ဂ) ငွေဇွန်းကြီးတစ်ချောင်းနှင့် ငွေဇွန်းလတ်နှစ်ချောင်းတို့ ဖြစ်ကြသည်။

အဆိုပါ ရှေးဟောင်းငွေထည်လက်ရာပစ္စည်းတို့မှာ လွန်ခဲ့သော နှစ်ပေါင်း ဘီစီ(၅)ရာစု ခန့်ကာလမှ ပစ္စည်းများဖြစ်မည်ဟု ပညာရှင်များက သက်တမ်း ခန့်မှန်းထားပြီး ပျူခေတ် ဟန်လင်း မြို့ပြယဉ်ကျေးမှုထွန်းကားစည်ပင်သည့် ကာလ၌ နန်းတွင်းသုံးပစ္စည်းများဖြစ်မည်ဟု ယူဆကြသည်။ ငွေထည်ဖလား အဖုံးတွင်ပါရှိသော ရှေးဟောင်းပျူအက္ခရာစာတန်းအနက် "မြတ်သောမင်းကြီး" ဟူသည့် စကားလုံးကိုသာ အနက်အဓိပ္ပာယ်ဖော်နိုင်သေးပြီး ကျန်သည့် စာသားများကို ပြည့်စုံစွာ အနက်အဓိပ္ပာယ်ဖော်နိုင်ရန် သုတေသီပညာရှင်များက ကြိုးပမ်းဆောင်ရွက်လျက်ရှိကြသည်။ အဆိုပါ ရှေးဟောင်းငွေထည်လက်ရာပစ္စည်းများကို ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနဦးစီးဌာနမှ ကျွမ်းကျင်ပညာရှင်များက ဓာတုဗေဒနည်းဖြင့် ချေးညှော်သန့်စင်ခြင်း၊ ထိန်းသိမ်းခြင်းများကို ဆောင်ရွက်ခဲ့ကြပြီး နောင်တွင်အများပြည်သူတို့ လေ့လာကြည့်ရှုနိုင်ရေးအတွက် အမျိုးသားပြတိုက်၌ ခင်းကျင်းပြသရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။ (သတင်းစဉ်)

### ငွေထည်ဖလားအဖုံး

**ပျူအက္ခရာများ ပါရှိသော ငွေထည်ဖလားအဖုံးကို တွေ့ရစဉ်။** (ယဉ်ကျေးမှု)



## မျိုးဆက်သစ်ဟော်ကီ လူငယ်များအား လေ့ကျင့်ပေးလျက်ရှိ

**ရန်ကုန် ဧပြီ ၇**

မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ်သည် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီနှင့် အားကစားဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် မျိုးဆက်သစ်ဟော်ကီ လူငယ်များ ပေါ်ထွက်လာရေးအတွက် အလေးပေးဆောင်ရွက်လျက်ရှိရာ ယခုအခါ မင်္ဂလာတောင်ညွန့် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၊ မှော်ဘီ တွဲဖက် အခြေခံပညာအထက်တန်းကျောင်း၊ လှည်းကူး၊ အင်းတိုင်နှင့် မြောက်ဥက္ကလာပ အခြေခံပညာ အထက်တန်းကျောင်းများ၌ အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးကျော်နိုင် ကြီးကြပ်၍ အပြည်ပြည်ဆိုင်ရာလက်မှတ်ရ ဝါရင့် နည်းပြဆရာများဖြင့် လေ့ကျင့်ပေးလျက်ရှိသည်။ ၎င်းလူငယ်လေးများ၏ ပြိုင်ပွဲကို ဧပြီလနောက်ဆုံးပတ်တွင် Sponsor ဖလားပွဲ ကျင်းပနိုင်ရန်အဖွဲ့ချုပ်က စီစဉ်လျက်ရှိသည်။

(သတင်းစဉ်)

### နဝင်းကျောင်းတိုက် ထီးတော်တင်မင်္ဂလာ

**ရန်ကုန် ဧပြီ ၇**

ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် ပုလဲမြို့သစ် ရွှေနံ့သာကျေးရွာ နဝင်းကျောင်းတိုက်တွင်နဝင်းဆရာတော်အားအမှူးပြု၍တပည့်ဒါယကာ၊ဒါယိကာမများတည်ထား ကိုးကွယ်တော်မူသော ဆုတောင်းပြည့် ရန်ပြေမန်ပြေအေးစေတီတော်ကြီး ထီးတော်တင်မင်္ဂလာအခမ်းအနားကို (၁၃၆၇ခုနှစ် တန်ခူးလပြည့်)ဧပြီ ၁၂ရက် နံနက် ၉နာရီတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။ (က–ပ)

ပြည်ပ အားကစား သတင်းများ

## ယူအီးအက်ဖ်အေဖလားအကြိုဗိုလ်လုပွဲအဆင့်သို့ အင်္ဂလန် မစ်ဒယ်ဘရော့အသင်းတက်လှမ်း

**မစ်ဒယ်ဘရော့ ဧပြီ ၇**

ယူအီးအက်ဖ်အေဖလားဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ်ဒုတိယအကျော့ ပြိုင်ပွဲကို ကြာသပတေးနေ့ကကျင်းပရာတွင် အင်္ဂလန်အလပ်အသင်း မစ်ဒယ်ဘရော့က ဆွစ်ဇာလန်ကလပ်အသင်းဖြစ်သော ဘေဆယ် ၄၁ အသင်းကို လေးဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိသည်။ ဂျာမနီကလပ်အသင်းဖြစ်သော ရှော်ကယ်အသင်းနှင့် ဘူဂေးရီးယားကလပ်အသင်းဖြစ်သော လက်ဗ်စကီးဆိုဖီယာ အသင်းတို့၏ပွဲတွင် တစ်ဖက်တစ်ဂိုးစီဖြင့် သရေကျခဲ့ကြပြီး ရိုမေးနီးယားကလပ် အသင်းဖြစ်သော စတုအတ်ဘူခါရက်အသင်းနှင့်၎င်း၏ပြိုင်ဘက်ရက်ပစ်ဘူခါရက်တို့မှာလည်း ဂိုးမရှိသရေကစားခဲ့ကြသည်။ ရုရှားကလပ်အသင်းဖြစ်သော ဇင်းနစ်စိန့်ပီတာစဘတ်အသင်းနှင့် စပိန်ကလပ်အသင်းဖြစ်သော ဆီဗီလာ အသင်းတို့၏ ပွဲတွင်လည်း တစ်ဖက် တစ်ဂိုးစီဖြင့် သရေကျခဲ့ကြသည်။

အင်္ဂလန်မစ်ဒယ်ဘရော့တွင် ကျင်းပသည့် ကွာတားဖိုင်နယ် ဒုတိယအကျော့ ပွဲတွင် မစ်ဒယ်ဘရော့အသင်းက လေးဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိပြီး နှစ်ပွဲပေါင်း ရလဒ် ၄–၃ဖြင့် ယူအီးအက်ဖ်အေဖလား အကြိုဗိုလ်လုပွဲအဆင့်သို့ တက်ရောက်နိုင်ပြီဖြစ်သည်။

မစ်ဒယ်ဘရော့အသင်းမှ ဗီဒူကာက ပွဲချိန် ၃၃မိနစ်နှင့် ၅၇မိနစ်တို့တွင် ၎င်းတစ်ဦးတည်း နှစ်ဂိုးဆက်တိုက်သွင်းပေးနိုင်ခဲ့သည်။

ယင်းနောက်တွင် ပွဲချိန် ၇၉မိနစ်၌ ဟက်ဆယ်ဘိန့်ကလည်းကောင်း၊ ပွဲချိန် မိနစ် ၉၀တွင် မက်ကာရှန်းကလည်းကောင်း မစ်ဒယ်ဘရော့အသင်း အတွက် ဂိုးအသီးသီးသွင်းယူခဲ့ကြသည်။ မစ်ဒယ်ဘရော့အသင်းသည် ယူအီး အက်ဖ်အေဖလား အကြိုဗိုလ်လုပွဲအဆင့်သို့ တက်ရောက်နိုင်ခြင်းမှာ ပထမဆုံး အကြိမ်ဖြစ်သည်။

ကြာသပတေးနေ့ ပွဲစဉ်အပြီးတွင် မစ်ဒယ်ဘရော့အသင်းနည်းတူ ဆီဗီလာ အသင်း၊ စတုအတ်ဘူခါရက်အသင်းနှင့် ရှော်ကယ်အသင်းတို့မှာလည်း အကြိုဗိုလ်လုပွဲအဆင့်သို့ တက်လှမ်းနိုင်မည်ဖြစ်သည်။ ***အင်တာနက်။***



**ဧပြီ ၆ရက်က ရုရှားနိုင်ငံ စိန့်ပီတာစဘတ်မြို့တွင်ကျင်းပသော ယူအီးအက်ဖ်အေဖလား ကွာတားဖိုင်နယ် ဒုတိယအကျော့ပွဲတွင် ဆီဗီလာ အသင်းမှ အက်ဒရီယာနိုကော်ရီယာ(ဝဲ)နှင့် ဇင်းနစ်စိန့်ပီတာစဘတ်အသင်းမှ အလက်ဇန္ဒာအနုကော့ဗ်တို့ ဘောလုံးယှဉ်လုကြစဉ်။** (ဓာတ်ပုံ–အင်တာနက်)

# ယုံကြည်ချက်ခိုင်မာအောင် ပညာဉာဏ်အသိနှင့် ဆောင်ရွက် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် တက်ကြွစွာပူးပေါင်းပါဝင်

ရန်ကုန် ဧပြီ ၇

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အခြေခံသတင်းစာ ပညာသင်တန်း အမှတ်စဉ်(၄) သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက် ၇နာရီခွဲတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် တက္ကသိုလ်ရိပ်သာလမ်းသစ်ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဌာနချုပ် ရုံးခန်းမဆောင်၌ ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဦးအောင်မင်း တက်ရောက်၍ အမှာစကားပြောကြားသည်။**

အခမ်းအနားသို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်များ ဖြစ်ကြသည့် ဦးသိန်းစိန်၊ သူရဦးမြင့်မောင်နှင့် ဦးမောင်ပါ၊ ဌာနချုပ်ရုံးမှ တာဝန်ရှိသူများ၊ သင်တန်းနည်းပြဆရာများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

## အမှာစကားပြောကြား

ရှေးဦးစွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဦးအောင်မင်းက သင်တန်းဆင်းအမှာစကားပြောကြားရာတွင် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော် ပေါ်ပေါက်ရေး အမျိုးသားရေးတာဝန်ကို ထမ်းဆောင်မည့် မျိုးဆက်သစ်လူငယ်များကို မဏ္ဍိုင်ပြုပြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးကို ဖွဲ့စည်းဆောင်ရွက်ခဲ့တာဖြစ်ကြောင်း၊ အသင်းကြီးစတင်ဖွဲ့စည်းစဉ်ကစပြီး စီမံရေး၊ ဖွဲ့စည်းရေးနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်နေပြီး အသင်းဝင်များကို စဉ်တိုက်ဆက်တိုက် လေ့ကျင့်ပျိုးထောင်ပေးနေကြောင်း၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးနှင့် အနာဂတ်နိုင်ငံတော်အတွက် ပံ့ဖော်လမ်းခင်းပေးနေတာဖြစ်ကြောင်း။

အခြေခံ သတင်းစာပညာသင်တန်းသည် လေ့ကျင့်ပျိုးထောင်မှုထဲက တစ်ခုဖြစ်ကြောင်း၊ အခြေခံသတင်းစာပညာသင်တန်းမှာ အမျိုးသားနိုင်ငံရေး၊ နည်းပညာဆိုင်ရာ၊ သတင်းဆိုင်ရာ၊ ဝါဒဖြန့်ချိရေး၊ ကောလာဟလများ ချေဖျက်ရေးနှင့် မီဒီယာဆိုင်ရာများကို ဆွေးနွေးပို့ချခဲ့ပြီးဖြစ်ကြောင်း၊ ကာလသုံးပါးဆက်စပ်ပြီး ဘဝအတွေ့အကြုံနှင့် ထင်ဟပ်လေ့လာခဲ့ကြ၍ အတိုင်းအတာတစ်ခုထိ သိမြင်ကြပြီဖြစ်ကြောင်း၊ ရရှိသည့် အသိပညာ၊ အတတ်ပညာ၊ နည်းပညာ၊ အတွေးအခေါ်၊ လုပ်နည်းနှင့် ဗဟုသုတများကို လမ်းညွှန်အဖြစ်ခံယူပြီး နိုင်ငံအကျိုး ပြည်သူ့အကျိုးကို အကောင်အထည်ဖော် ဆောင်ရွက်ကြရမှာဖြစ်ကြောင်း၊ ပြောင်းလဲတိုးတက်နေသည့် ခေတ်စနစ်နှင့်အညီ အရည်အချင်း၊ အရည်အသွေးမြင့်မားရေး ဆက်လက်ဆည်းပူး လေ့လာကြရမှာ ဖြစ်ကြောင်း။

## ရှေ့လုပ်ငန်းစဉ်များ

အသင်းကြီး၏ ရည်မှန်းချက်များ၊ ရှေ့လုပ်ငန်းစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အသင်းဝင်များ၏ ခေါင်းဆောင်ကောင်း အရည်အချင်းများ ခံယူလိုက်နာဆောင်ရွက်မှု၊ နောက်လိုက်ကောင်း အရည်အသွေးများနှင့် ပူးပေါင်းပါဝင်ကြရမှာဖြစ်ကြောင်း၊ အသင်းကြီးသည် ခိုင်မာတောင့်တင်းသည့် အမျိုးသားရေးအင်အားစုအဖြစ် နိုင်ငံအကျိုး၊ ပြည်သူ့အကျိုး ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်မှာဖြစ်ကြောင်း။

တရားဥပဒေစိုးမိုး၍ အေးချမ်းတည်ငြိမ်မှုရှိပြီး အကြမ်းဖက်လုပ်ရပ်များ ကင်းဝေးမှာဖြစ်ကြောင်း၊ စားဝတ်နေရေးဖူလုံလျှင် ငွေကြေးဖြားယောင်းမှုဒဏ်ကို မခံရဘဲအသိပညာမြင့်ပြီး ဗဟုသုတပြည့်လျှင် အလိမ်အညာမခံရမှာဖြစ်ကြောင်း၊ အသင်းကြီးအနေနှင့် ပြည်သူကို ကိုယ်စားပြုပြီး ယုံကြည်ချက်၊ ခံယူချက်ခိုင်မာအောင် ပညာဉာဏ်အသိ ဆင်ခြင်သတိနှင့် ပြည့်စုံအောင် စဉ်းစားဝေ ဖန်သုံးသပ်နိုင်စွမ်းရှိအောင်နှင့် ပြည်သူ့အကျိုးစီးပွား ခိုင်မာတောင့်တင်းအောင် ဆောင်ရွက်ပေးနေတာဖြစ်ကြောင်း၊ အေးချမ်းတည်ငြိမ်ရေး၊ အမျိုးသားစီးပွားရေးဘဝ ခိုင်မာတောင့်တင်းရေး၊ အမျိုးသားပညာရည်မြင့်မားရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ကျရာအခန်းကဏ္ဍက တက်ကြွစွာ ပူးပေါင်းပါဝင် ဆောင်ရွက်နေတာဖြစ်ကြောင်း။

အေးချမ်းတည်ငြိမ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးကို အစိုးရ၊ ပြည်သူ၊ တပ်မတော် ပူးပေါင်းပြီး နေ့မအား ညမနား အကောင်အထည်ဖော်ဆောင်ရွက်နေကြောင်း။

အမျိုးသားစည်းလုံးညီညွတ်ရေးကို ဦးစားပေးအကောင်အထည်ဖော် တည်ဆောက်ခဲ့၍ အေးချမ်းတည်ငြိမ်မှု အခြေခံကောင်းများ ရရှိနေပြီဖြစ်ကြောင်း၊ နယ်စပ်ဒေသဖွံ့ဖြိုးရေး၊ ဒေသကြီး(၂၄)ခု ဖွံ့ဖြိုးရေး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များချမှတ်ပြီး အဆက်အစပ်ရှိရှိ ကွက်ပြည့်အကောင်အထည်ဖော် ဆောင်ရွက်မှုများကြောင့် ဒေသအားလုံး တစ်ပြိုင်တည်း အချိုးညီညီ ဖွံ့ဖြိုးတိုးတက်နေပြီဖြစ်ကြောင်း။

## လုပ်ငန်းစဉ်(၅)ရပ်

ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ်ဖြစ်သည့် လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေး၊ ရေရရှိရေး၊ ကျေးလက်စီးပွားရေးတိုးတက်ရေး၊ ပညာရေးတိုးတက်စေရေး၊ ကျန်းမာရေးအဆင့်မြင့်မားရေးနှင့်အတူ ကျေးလက်မီးလင်းရေး၊ ကျေးလက်စာကြည့် တိုက်ဖွင့်လှစ်ရေး၊ ကြက်ဆူပင်စိုက်ပျိုးရေးကို အကောင်အထည်ဖော် ဆောင်ရွက်နေကြောင်း။

နိုင်ငံတော်အတွင်း တိုင်းရင်းသားလူမျိုးများသည် နယ်မြေဒေသတိုင်းတွင် အေးအတူပူအမျှ အတူတကွ ပေါင်းစုနေထိုင်ကြတာဖြစ်ကြောင်း၊ တိုင်းရင်းသားလူမျိုးများသည် ပင်ကိုအားဖြင့် တစ်ဦးနှင့်တစ်ဦး အပြန်အလှန်နားလည်စာနာ ရင်းနှီးချစ်ခင်တွယ်တာမှုများရှိကြောင်း၊ စည်းလုံးညီညွတ်မှုအခြေခံကောင်း ပြည်ထောင်စု မျိုးချစ်စိတ်ဓာတ် အခြေခံကောင်းများ ရှင်သန်ထွန်းကားနေတာဖြစ်ကြောင်း၊ စစ်မှန်သည့် မျိုးချစ်စိတ်ဓာတ်သည် ပြည်ထောင်စု၏ မည်သည့်နေရာ၊ မည်သည့်ဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့်ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူကြရန် အလွန်အရေးကြီးကြောင်း၊ ပြည်ထောင်စုစိတ်ဓာတ်သည်သာ တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်ကြောင်း၊ ဒို့တာဝန်အရေးသုံးပါးသည် ပြည်ထောင်စု မျိုးချစ်စိတ်ဓာတ်၏ အခြေခံဖြစ်ကြောင်း၊ ဒို့တာဝန်အရေးသုံးပါးကို ခံယူပြီး နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက်(၁၂)ရပ်အတိုင်း အေးချမ်းတည်ငြိမ် ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဆောင်ရွက်ကြရမှာဖြစ်ကြောင်း စသည်ဖြင့် ပြောကြားသွားသည်။



**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အခြေခံသတင်းစာပညာ သင်တန်းအမှတ်စဉ်(၄) သင်တန်းဆင်းပွဲတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဦးအောင်မင်း သင်တန်းထူးချွန်ဆုရရှိသူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။** (သတင်းစဉ်)

## ဆုများပေးအပ်

ယင်းနောက် ဗဟိုအလုပ်အမှုဆောင် ဦးအောင်မင်းက သင်တန်းထူးချွန် ပထမဆုရ ရှမ်းပြည်နယ်(အရှေ့ပိုင်း)မှ ဦးမြင့်ဝင်းလှ၊ ဒုတိယဆုရ မွန်ပြည်နယ်မှ ဦးသန်းစိန်နှင့် တတိယဆုရ ရန်ကုန်တိုင်းမှ ဦးတင်ထွန်းဦးတို့အား ဆုများပေးအပ်ချီးမြှင့်ပြီး သင်တန်းဆင်းလက်မှတ်များကို သင်တန်းသားများကိုယ်စား ဦးရဲလင်းထွန်းအား ပေးအပ်သည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင် ဦးအောင်မင်းက သင်တန်းသို့ လာရောက်ပို့ချပေးကြသည့် သင်တန်းနည်းပြဆရာများကိုယ်စား မြန်မာ့စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်း ညွှန်ကြားရေးမှူး(စီမံ) ဦးတင်မောင်စိုးအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

# လှိုင်မြို့နယ် (၆)ရပ်ကွက်၌ လျှပ်စစ်မီးဖိုမှ မီးလောင်မှုဖြစ်ပွား

**ရန်ကုန် ဧပြီ ၇**

ရန်ကုန်တိုင်း လှိုင်မြို့နယ် (၆)ရပ်ကွက် သုခလမ်းမကြီး ၅၂လမ်းသွယ် အမှတ်(၅၉)ရှိ ဦးစိန်၏ နေအိမ်၌ ယနေ့နံနက် ၉နာရီ မိနစ် ၄၀တွင် လျှပ်စစ်မီးဖိုဖွင့်ထားရာမှ မီးစတင်လောင်ကျွမ်းခဲ့ရာ မီးလောင်မှုသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်း၊ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး၊ ရန်ကုန်မြို့တော် ဒုတိယမြို့တော်ဝန်၊ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနမှ အထူးအရာရှိ၊ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ လာရောက်ကြပ်မတ်ပြီး မီးကိုငြိမ်းသတ်ခဲ့သည်။

အဆိုပါမီးလောင်မှုကြောင့် ပျဉ်ထောင်အိမ်သုံးလုံး၊ တိုက်ခံအိမ် ခြောက်လုံး စုစုပေါင်းကိုးလုံး မီးလောင်ဆုံးရှုံး၍ တိုက်အိမ်တစ်လုံး မီးဟပ်ခံရသဖြင့် ငွေကျပ် သိန်း ၃၀ခန့် ဆုံးရှုံးပြီး အိမ်ထောင်စု ၁၇စုမှ လူဦးရေ ၁၀၃ဦး မီးဘေးဒုက္ခရောက်ကာ ယာယီကယ်ဆယ်ရေးစခန်းအား အထက(၄)လှိုင်၌ ဖွင့်လှစ်လျက် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ (သတင်းစဉ်)

# ကျောက်တံတားမြို့နယ်တွင် မီးလောင်မှုဖြစ်ပွား

**ရန်ကုန် ဧပြီ ၇**

ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ကုန်သည်လမ်းနှင့် ၃၉လမ်းထိပ် အမှတ် ၅၀၄/၅၀၆ရှိ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် အပေါ်ဆုံးထပ်၌ ယနေ့ည ၉နာရီ ၄၅မိနစ်တွင် မီးစတင်လောင်ကျွမ်းရာ ည ၁၁နာရီ ၁၅မိနစ်တွင် မီးငြိမ်းသွားခဲ့သည်။

မီးစတင်လောင်ကျွမ်းသည့်အကြောင်းရင်းနှင့် ပျက်စီးဆုံးရှုံးမှုကို မသိရသေးသော်လည်း လူအသေအပျောက်မရှိကြောင်းနှင့် မီးလောင်ကျွမ်းမှုနှင့် စပ်လျဉ်း၍ ဆက်လက်စုံစမ်းစစ်ဆေးဆဲဖြစ်ကြောင်းသိရသည်။ (ကြေးမုံ)

# ကမ္ဘာ့ကျန်းမာရေးနေ့(၂၀၀၆) အခမ်းအနားကျင်းပ

**ရန်ကုန် ဧပြီ ၇**

ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာနနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့ ပူးပေါင်းကျင်းပသော ကမ္ဘာ့ကျန်းမာရေးနေ့(၂၀၀၆) (World Health Day-2006) အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေး အဆောက်အအုံ (IBC)၌ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး၏မိန့်ခွန်းကို ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ တင်ဝင်းမောင်က ဖတ်ကြားသည်။

အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ပါမောက္ခချုပ်များ၊ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ဆေးရုံအုပ်ကြီးများ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေး၊ မြန်မာနိုင်ငံ ဆေးပညာရှင်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာကိုကို၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဌာနေကိုယ်စားလှယ် Professor Adik Wibowo နှင့် ကုလသမဂ္ဂ လက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ အပြည်ပြည်ဆိုင်ရာ လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်တွင်းလူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ ရန်ကုန်တိုင်းကျန်းမာရေးဦးစီးဌာနမှူးနှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးများ၊ သူနာပြုများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး၏ မိန့်ခွန်းကို ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ တင်ဝင်းမောင်က ဖတ်ကြားသည်။

ယင်းနောက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရှေ့တောင်အာရှ ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Dr. Samlee Plianbongchang ၏ သဝဏ်လွှာကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဌာနေကိုယ်စားလှယ် Professor Adik Wibowo က ဖတ်ကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ညွှန်ကြားရေးမှူးချုပ်များနှင့် ဧည့်သည်တော်များသည် ဧည့်ကြိုခန်းမဆောင် အတွင်း ပြသထားသော ကမ္ဘာ့ကျန်းမာရေးနေ့ အထိမ်းအမှတ်လှုပ်ရှားမှု ပြခန်းကို လှည့်လည်ကြည့်ရှုကြသည်။

ယခုနှစ် ကမ္ဘာ့ကျန်းမာရေးနေ့ အထိမ်းအမှတ်ဆောင်ပုဒ်မှာ "ကျန်းမာစွမ်းအား ဖွံ့ဖြိုးဖို့၊ လက်တွဲပါဝင်ဆောင်ရွက်စို့" (Working Together For Health)ဖြစ်သည်။ (သတင်းစဉ်)

# မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

## ၈-၄-၂၀၀၆ (စနေနေ့)

**နံနက်ပိုင်း**

- ၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကရေ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၀ ၅။ အတီးပြိုင်ပွဲ
- ၈:၀၀ ၆။ ပေါင်းစည်းအင်အား ရောဝတီမြစ်ကူးတံတားများ
- ၈:၁၀ ၇။ အဆိုပြိုင်ပွဲ
- ၈:၂၀ ၈။ ခါသကြ်ာန်အဆိုအကများ
- ၈:၃၀ ၉။ International News.
- ၈:၄၅ ၁၀။ Grammar Made Easy.
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

**နေ့လယ်ပိုင်း**

- ၁၁:၀၀ ၁။ စစ်သည်တေး
- ၁၁:၁၅ ၂။ တေးဂီတအစီအစဉ်
- ၁၁:၃၀ ၃။ ပြည်တွင်းသတင်း
- ၁၁:၄၅ ၄။ ချစ်စရာ့အရွယ်ကစားကြမယ်
- ၁၂:၁၅ ၅။ နိုင်ငံခြားကာတွန်း ဇာတ်လမ်းတွဲ "Doraemon"
- ၁၂:၃၅ ၆။ ကြားမြင်သုတ ပြည့်ဝစေရာ စာပဒေသာ
- ၁၂:၄၅ ၇။ **ရုပ်မြင်သံကြားဇာတ်လမ်း "ကြည်နူးရိပ်" (ပိုင်ဇေရဲထွန်း၊ကြည်လဲ့လဲ့ဦး) (ဒါရိုက်တာ-သက်တင်)**
- ၁:၂၅ ၈။ ခါသကြ်ာန်အဆိုအကများ
- ၁:၄၀ ၉။ စွန်ချောင်းရေလှောင်တမံ
- ၁:၅၀ ၁၀။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၂:၀၅ ၁၁။ အရေးပြိုင်ပွဲ
- ၂:၁၅ ၁၂။ **"နှင်းကြည့်စမ်းပါ" (မင်းအုပ်စိုး၊ညီထွား၊ခင်စိုးပိုင်) (ဒါရိုက်တာ-မင်းအုပ်စိုး)**
- ၂:၂၅ ၁၃။ အတီးပြိုင်ပွဲ
- ၂:၄၀ ၁၄။ မအီချောင်းတံတား
- ၂:၄၅ ၁၅။ International News.
- ၃:၀၀ ၁၆။ အစီအစဉ်ပြီး၏။

**ညပိုင်း**

- ၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ တေးဂီတအစီအစဉ်
- ၄:၄၀ ၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - ဒုတိယနှစ် (ရုက္ခဗေဒ၊သတ္တဗေဒအထူးပြုများ) (ရုက္ခဗေဒ)
- ၄:၅၅ ၅။ ဆိုင်းအဖွဲ့ဖျော်ဖြေခန်း
- ၅:၁၀ ၆။ တေးဂီတအစီအစဉ်
- ၅:၂၅ ၇။ ခါသကြ်ာန်အဆိုအကများ
- ၅:၃၅ ၈။ ချစ်စရာ့အရွယ်ကစားကြမယ်
- ၆:၀၀ ၉။ ညနေခင်းသတင်း
- ၆:၃၀ ၁၀။ မိုးလေဝသအခြေအနေ
- ၆:၃၅ ၁၁။ Discovery
- ၆:၅၀ ၁၂။ အဆိုပြိုင်ပွဲ
- ၇:၀၀ ၁၃။ ခါသကြ်ာန်အဆိုအကများ
- ၇:၁၅ ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ကံကောင်းခြင်းအိပ်မက်" (အပိုင်း-၅)**
- ၈:၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ **မြန်မာရုပ်ရှင် "ယောက္ခမဆိုတာ တစ်ခါတုန်းကသမက်ပါပဲ" (အပိုင်း-၁) (ကျော်သူ၊ရန်အောင်၊လွင်မိုး၊ မို့မို့မြင့်အောင်၊မေသဥ္စာဦး၊ ခိုင်သင်းကြည်) (ဒါရိုက်တာ-မောင်မျိုးမင်း)**
- ၁၉။ နောက်တစ်နေ့အစီအစဉ်
- ၂၀။ အစီအစဉ်ပြီး၏။

# ထူးထူးခြားခြား အင်တာနက်သတင်းများ

တိုယိုတာ မော်တော်ကားကုမ္ပဏီက နောက်ဆုံးပေါ် နည်းပညာဖြင့် ထုတ်လုပ်ထားသည့် ကားအမျိုးအစားသစ်ကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)



## စွမ်းအင်ချွေတာရေး နည်းပညာသစ်ဖြင့် ကားသစ်များထုတ်လုပ်ရန် တိုယိုတာ ဦးတည်

တိုကျို ဧပြီ ၇

**ဂျပန်နိုင်ငံရှိ တိုယိုတာ မော်တော်ကားထုတ်လုပ်ရေးကော်ပိုရေးရှင်းသည် ၂၀၁၂ခုနှစ်ထက် နောက်မကျဘဲ စွမ်းအင်ချွေတာရေး နည်းပညာအရ ထုတ်လုပ်သည့် ကားအမျိုး အစားသစ် စီးရေ တစ်သန်းအထိ ထုတ်လုပ်သွားရန် ရည်မှန်းထားကြောင်း ဧပြီ ၇ရက် အင်တာနက်သတင်းတစ်ရပ်တွင် ဖော်ပြသည်။**

ယာဉ်တွန်းကန်အား စနစ်များကို ပေါင်းစပ်အသုံးပြုသည့် ကားများ (hybrid Cars) အတွက် ဝယ်လိုအား တိုးတက်လာသည့် ယနေ့ကာလတွင် တိုယိုတာကုမ္ပဏီသည် နည်းပညာ ပြုပြင်ပြောင်းလဲရေး အစီအစဉ်ကို ချမှတ်ဆောင်ရွက်လျက်ရှိသည်။

တိုယိုတာကုမ္ပဏီက တီထွင် ထုတ်လုပ်ထားသော တွန်းကန်အားစနစ်များကို ပေါင်းစပ်အသုံးပြုသည့် ကားအမျိုးအစားသစ်မှာ Toyota Prius ကားဖြစ်သည်။ ၎င်းအပြင် ဇိမ်ခံကားအမျိုးအစားတွင် ပါဝင်သော Lexus GS 45h ကားမှာလည်း တွန်းကန်အားစနစ်များကို ပေါင်းစပ်အသုံးပြုသည့် ကားအမျိုးအစားဖြစ်သည်။

လျှပ်စစ်မော်တာနှင့် ဓာတ်ဆီ (ဒီဇယ်) အင်ဂျင်ဖြင့် စွမ်းအားပေးသော ကားအမျိုးအစားသစ်များကို ကမ္ဘာ့နိုင်ငံများက နှစ်ခြိုက်အားပေးမှုရှိကြောင်း ဈေးကွက် သုတေသနစာတမ်းများအရ သိရှိရသည်။

တိုယိုတာကုမ္ပဏီသည် စွမ်းအင်ချွေတာရေးနည်းပညာ အသုံးပြုသည့် ကားအမျိုးအစားသစ်များကိုကျယ်ကျယ်ပြန့်ပြန့် ထုတ်လုပ်ရန် အစီအစဉ်များကို ရေးဆွဲချမှတ်ထားပြီဖြစ်ရာ လာမည့် ခြောက်နှစ်၊ ခုနစ်နှစ် အကြာတွင် မော်တော်ကားခေတ် တစ်ခေတ်ဆန်းသစ်မည်ဟု မျှော်လင့်ရသည်။

တိုယိုတာကုမ္ပဏီသည် စွမ်းအင်ချွေတာရေးနည်းပညာအရ ကားအမျိုးအစားသစ်များကို ထုတ်လုပ်ရာတွင် ထုတ်လုပ်မှုစရိတ်စက လျှော့ချနိုင်ရန် လိုအပ်သည့် အစီအမံများကို ချမှတ်ဆောင်ရွက်သွားရမည်ဖြစ်သည်။

**အင်တာနက်။**

## မုသား ပြော၊ မပြော စက်ကိရိယာဖြင့် ဖော်ထုတ်နိုင် မော်စကို လေဆိပ်တွင် စမ်းသပ်အသုံးပြုမည်

မော်စကို ဧပြီ ၇

**ရုရှားနိုင်ငံတွင် မြို့ပြလေကြောင်းခရီးစဉ်များ ဘေးအန္တရာယ်ကင်းရှင်း လုံခြုံမှုရှိစေရေးအတွက် မုသားပြော၊ မပြော ဖော်ထုတ်ပေးနိုင်သည့် စက်ကိရိယာတစ်မျိုးကို အသုံးပြုသွားနိုင်ရန် မကြာမီစမ်းသပ်မှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း ဧပြီ ၇ ရက် အင်တာနက်သတင်းတစ်ရပ်တွင် ဖော်ပြသည်။**

မုသား ပြော၊ မပြော ဖော်ထုတ်ပေးနိုင်သည့် စက်ကိရိယာသည် ခရီးသည်များအနေဖြင့် ၎င်းတို့တွင် ပါရှိသည့် ပစ္စည်းများနှင့် ပတ်သက်၍ လေဆိပ်တွင် ထုတ်ပြန်ကြေညာမှု ပြုလုပ်ရာ၌ မှန်မှန်ကန်ကန် ပြောဆိုခြင်း ရှိ၊ မရှိ သိပ္ပံနည်းကျ စုံစမ်းဖော်ထုတ်ပေးနိုင်မည်ဖြစ်သည်။

ရုရှားနိုင်ငံ မြို့တော် မော်စကိုရှိ ဒိုမိုဒီဒိုဗိုလေဆိပ်၌ မုသား ပြော၊ မပြော ဖော်ထုတ်ပေးနိုင်သော စက်ကိရိယာကို အစောဆုံး ဇူလိုင်လတွင် တပ်ဆင်မည်ဖြစ်သည်။ လေဆိပ်တာဝန်ရှိသူများသည် ခရီးသည်များအနေဖြင့် မူးယစ်ဆေးဝါး၊ သို့မဟုတ် လက်နက် သယ်ဆောင်လာခြင်း ရှိ၊ မရှိ စုံစမ်းဖော်ထုတ်ရာတွင် ကွန်ပျူတာစနစ်သုံး ယင်းစက်ကိရိယာက အထောက်အကူပေးနိုင်မည် ဖြစ်သည်။

### အသုံးပြုမည်

ပဏာမအားဖြင့် မုသားပြော၊ မပြော ဖော်ထုတ်ပေးနိုင်သည့် စက်ကိရိယာကို သင်္ကာမကင်းဖွယ်ရာ ခရီးသည်များအား စစ်ဆေးမေးမြန်းရာ၌ တာဝန်ရှိသူများက အသုံးပြုမည်ဖြစ်သည်။



**မုသား ပြော၊ မပြော ဖော်ထုတ်ပေးနိုင်သော စက်ကိရိယာကို ရုရှားနိုင်ငံ မြို့တော် မော်စကိုရှိ လေဆိပ်တွင် တပ်ဆင်အသုံးပြုရန် ပြင်ဆင်ဆောင်ရွက်နေစဉ်။** (ဓာတ်ပုံ-အင်တာနက်)

### ဖော်ထုတ်နိုင်

မုသား ပြော၊ မပြော ဖော်ထုတ်ပေးနိုင်သော စက်ကိရိယာသည် ခရီးသည်၏ ဖြေကြားချက်နှင့် ပတ်သက်၍ ဓာတ်မြစ်လိုက်ကာ ဆန်းစစ်လေ့လာနိုင်သည့် စက်တစ်မျိုးဖြစ်သည်။ ခရီးသည်၏ အဖြေစကားသည် သက်ဆိုင်ရာ ခရီးသည်၏ ဦးနှောက်ဖြင့် ဖြေကြားသည့် အဖြေ ဟုတ်၊ မဟုတ်။ စိတ်ကူးဖြင့် ဖြေကြားခြင်း ဟုတ်၊ မဟုတ် ယင်းစက်ကိရိယာကထောက်လှမ်းကာ လိမ်လည်ပြောဆိုသူများကို ဖော်ထုတ်နိုင်မည်ဖြစ်သည်။ ယင်းကိရိယာက ခရီးသည်များအား အသံနေအသံထားအမျိုးမျိုးဖြင့် မေးမြန်းမည်ဖြစ်ပြီး စိတ်လှုပ်ရှားမှု အခြေအနေအရ လိမ်လည်ပြောဆိုမှုကို ဖော်ထုတ်ပေးနိုင်မည်ဖြစ်သည်။

### တီထွင်ထုတ်လုပ်

မုသားပြော၊ မပြော ဖော်ထုတ်ပေးနိုင်သော စက်ကိရိယာကို အစ္စရေးကုမ္ပဏီတစ်ခုက တီထွင်ထုတ်လုပ်ထားပြီး ဗြိတိန်နိုင်ငံရှိ အာမခံလုပ်ငန်းကုမ္ပဏီအချို့က ယင်းကိရိယာကို အသုံးပြု၍ အာမခံတောင်းခံသူများ လိမ်လည်ပြောဆိုခြင်း ရှိ၊ မရှိ စစ်ကြောရေးလုပ်ငန်းတွင် အသုံးပြုလျက်ရှိသည်။

**အင်တာနက်။**

# ပြည်သူ့ထံမှပေးစာ

## အချိန်မတော်ဆူညံမှု တားဆီးပေးစေချင်

**စာတည်းရှင့်–**

ရန်ကုန်တိုင်း တာမွေမြို့နယ် ယုဇနလမ်းထိပ်တစ်လျှောက်ရှိ လက်ဖက်ရည်ဆိုင် သုံးဆိုင်သည် အသံချဲ့စက်များ ညစဉ် အပြိုင်အဆိုင် ဖွင့်လျက်ရှိပါသည်။ အချို့ဆိုင်များမှ အလုပ်လုပ်ကိုင်သူများသည် ညဥ့်နက်သန်းခေါင်အထိ အုပ်စုဖွဲ့၍ ဂစ်တာတီးခြင်း၊ ဘောလုံးကန်ခြင်း တို့ကြောင့် ပတ်ဝန်းကျင်တွင် နေထိုင်သူများ စိတ်အနှောင့်အယှက် ဖြစ်နေကြပါသည်။

သို့ပါ၍ လိုအပ်သလို ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

**ယုဇနသူ**

## လမ်းဘေးကျူးကျော်ဆိုင်များ အရေးယူဆောင်ရွက်ပေးပါ

**စာတည်းခင်ဗျား–**

မရမ်းကုန်းမြို့နယ် (၂)ရပ်ကွက် ဗဟိုလမ်းနှင့် ကန်လေးစ လမ်းဘေး တစ်လျှောက်တွင် တဲများ ဆောက်လုပ်၍ အရက်ဆိုင်၊ လက်ဖက်ရည်ဆိုင်နှင့် စားသောက်ဆိုင်များ ဖွင့်လှစ်ရောင်းချလျက်ရှိပါသည်။

အဆိုပါ ကျူးကျော်တဲများတွင် နေထိုင်သူများနှင့် အရက်ဆိုင်၊ စားသောက်ဆိုင်များမှ မူးယစ်သောက်စားသူများ၏ ဆူညံ အော်ဟစ်နေမှုများကြောင့် ပတ်ဝန်းကျင်နေ ပြည်သူများ စိတ်အနှောင့်အယှက် ဖြစ်နေကြရပါသည်။

သို့ပါ၍ သက်ဆိုင်ရာမှ လိုအပ်သလို ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

**နားမခံနိုင်သူ**

## ကျူးကျော်တဲများ ဖယ်ရှားပေးပါ

**စာတည်းရှင့်–**

ဗိုလ်တထောင်မြို့နယ် (၄)ရပ်ကွက်၊ (၅၄)လမ်းနှင့် (၅၅)လမ်းကြား၊ နောက်ဖေးလမ်းကြားရှိ ကျူးကျော်တဲများတွင် နေထိုင်သူများသည် ညအချိန်မတော် မူးယစ်သောက်စား ဆူညံမှုများပြုလုပ်နေပါ၍ ပတ်ဝန်းကျင်တွင် နေထိုင်သူများ အိပ်စက်အနားယူ၍ မရကြပါ။ သို့ပါ၍ အဆိုပါကျူးကျော်တဲများအား သက်ဆိုင်ရာမှ ဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

**အိပ်မရသူ**

## လောင်စာဆီရောင်းဝယ်မှု အရေးယူပေးပါ

**စာတည်းခင်ဗျား–**

ရန်ကုန်မြို့ လမ်းမတော်မြို့နယ် သူနာပြုတက္ကသိုလ်အနီး ဗိုလ်ချုပ်လမ်းနှင့်ဇော်ဂျီလမ်းထောင့်တွင် လောင်စာဆီများကို တရားမဝင် သိုလှောင် ရောင်းဝယ်မှုများ ပြုလုပ်နေပါသဖြင့် မီးဘေးအန္တရာယ် စိုးရိမ်နေရပါသည်။

အဆိုပါလောင်စာဆီများ ရောင်းဝယ်နေမှုကို သက်ဆိုင်ရာမှ အရေးယူဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

**မီးဘေးစိုးရိမ်သူ**

## ဝက်မွေးမြူမှု ကြပ်မတ်ပေးပါ

**စာတည်းခင်ဗျား–**

လှိုင်မြို့နယ် အုတ်ကျင်း မာလာမြိုင် (၇)လမ်းရှိ အိမ်တစ်အိမ်၏ နောက်ဘက်တွင် ဝက်များမွေးမြူ ထားသောကြောင့် အနီးပတ်ဝန်းကျင်မှ လူအများ နေ့စဉ် အနံ့ဆိုးများ ရှူရှိုက်နေရပါသည်။ သို့ပါ၍ အဆိုပါ ဝက်မွေးမြူနေမှုအား စည်းကမ်းတကျရှိစေရေး ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

**သန့်ရှင်းလိုသူ**

## အများသုံးရေအိမ် သန့်ရှင်းစေလို

**စာတည်းရှင့်**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အင်းလျားလမ်းမနံဘေးနှင့် အင်းလျားကန်ပေါင် စားသောက်ဆိုင်တန်းအနီးရှိ အများသုံးရေအိမ်မှ အနံ့ဆိုးများ ပတ်ဝန်းကျင်သို့ ပျံ့လွင့်လျက်ရှိပါသည်။

သို့ပါ၍ သက်ဆိုင်ရာမှ လိုအပ်သလို ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

**အပန်းဖြေသူများ**

## ပြည်သူ့ထံမှ ပေးစာ ပေးပို့လိုပါလျှင်

**ပြည်သူ့ထံမှ ပေးစာကဏ္ဍသို့ ပေးပို့လိုပါက ပေးပို့သူ၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ နေရပ်လိပ်စာ အပြည့်အစုံ ရေးသားဖော်ပြ၍ ပြည်သူ့ထံမှ ပေးစာကဏ္ဍ၊ ကြေးမုံသတင်းစာတိုက်၊ အမှတ် (၇၇)၊ (၅၂)လမ်း (မဟာဗန္ဓုလလမ်းထောင့်)၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူပေးပို့နိုင်ပါသည်။**

## ဗွီဒီယိုဂိမ်း ကစားသူများကြောင့် ပတ်ဝန်းကျင် အနှောင့်အယှက်ဖြစ်နေ

**စာတည်းခင်ဗျား–**

မရမ်းကုန်းမြို့နယ် (၉) ရပ်ကွက် ကမ္ဘာအေး အိမ်ရာဝင်းအတွင်းရှိ တိုက်တစ်တိုက်၏ မြေညီထပ်အခန်းတစ်ခန်းတွင် ဗွီဒီယိုဂိမ်းဆိုင်တစ်ဆိုင် ဖွင့်လှစ်ထားပါသည်။

၎င်းဆိုင်တွင် လာရောက်ကစားသူများသည် အိမ်ရာဝင်းအတွင်းမှ မိန်းကလေးများအား ကာယိန္ဒြေပျက်စေသည့် အပြောအဆို အပြုအမူများ ပြုလုပ်ခြင်း၊ ညအချိန်မတော် မူးယစ်အော်ဟစ်ဆူညံခြင်းများ ပြုလုပ်နေပါသည်။

သို့ပါ၍ သက်ဆိုင်ရာမှ လိုအပ်သလိုစိစစ်ဆောင်ရွက်ပေးပါရန်တင်ပြအပ်ပါသည်။

**အိမ်ရာနေသူများ**

## တစ်နေ့နှစ်ကြိမ် ရေပေးဝေရန် စီစဉ်နေ

၂၅-၃-၂၀၀၆ရက်နေ့ထုတ် ကြေးမုံသတင်းစာပါ “တစ်နေ့နှစ်ကြိမ်ရေပေးဝေစေလို” ပေးစာနှင့်စပ်လျဉ်း၍ ဖျာပုံမြို့၌ တစ်နေ့နှစ်ကြိမ် သတ်မှတ်ချိန်အတိုင်း ရေပေးဝေနိုင်ရန် စီစဉ်ဆောင်ရွက်ပြီးစီးကြောင်း ဖော်ပြအပ်ပါသည်။

**ဖျာပုံမြို့နယ်စည်ပင်**

# ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဝန်ကြီးချုပ်တို့ တွေ့ဆုံဆွေးနွေး ကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ အကြမ်းဖက်လုပ်ရပ်နှင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးတွင် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များနှင့် လက်ရှိနိုင်ငံတကာအခြေအနေများအပေါ် အမြင်ချင်းဖလှယ်

ရန်ကုန် ဧပြီ ၇

**ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ မီခေး(လ်)ဖရက်ကော့(ဗ်)တို့သည် ဧပြီ ၃ ရက် ဒေသစံတော်ချိန် ညနေ ၄ နာရီတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့ရှိ Government House 5th Floor ရှိ Meeting Hall ၌ တွေ့ဆုံဆွေးနွေးကြသည်။**



ထိုသို့ တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အတူ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသော စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦးနှင့် ဒုတိယဗိုလ်ချုပ်ကြီး တင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး စိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီး မြတ်ဟိန်း၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ အမျိုးသား စီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် တင်နိုင်သိန်း၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်း၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ ပြည်ထောင်စု မြန်မာနိုင်ငံ သံအမတ်ကြီး ဦးတင်စိုးနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဉာဏ်လင်းတို့ တက်ရောက်ကြပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ မီခေး(လ်)ဖရက်ကော့(ဗ်)နှင့်အတူ စက်မှုလက်မှုနှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Andrey G. Reus ၊ ဝန်ကြီးချုပ်၏ လက်ထောက် Mr. Sergey Yu Vinokurov၊ အပြည်ပြည်ဆိုင်ရာ **စာမျက်နှာ ၉ ကော်လံ ၇ သို့** ✪

**ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ မီခေး(လ်)ဖရက်ကော့(ဗ်)တို့ မော်စကိုမြို့ရှိ Government House, Meeting Hall ၌ တွေ့ဆုံဆွေးနွေးကြစဉ်။** (သတင်းစဉ်)

**ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ မီခေး(လ်)ဖရက်ကော့(ဗ်)တို့ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။** (သတင်းစဉ်)



## နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်း အနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကြေးမုံ The Mirror

**ဆောင်းပါး အညွှန်း**

## သကာရည်အုပ်ထားတဲ့ ဆေးခါးကြီးတိုက်နေသလို

*အမေရိကန်စင်တာက အင်္ဂလိပ်စာသင်ကြားရေးသင်တန်းတွေဖွင့်လှစ်ပြီး စည်းရုံးရေးလုပ်တာ မဆန်းပါဘူး၊ ခုနောက်ပိုင်းဖွင့်တဲ့ **English for Journalism** သတင်းစာပညာ အင်္ဂလိပ်စာဆိုတဲ့ သင်တန်းမျိုးကတော့ မြန်မာစာနယ်ဇင်းလောက ပုဂ္ဂိုလ်ငယ်လေးအချို့ကို သကာရည်အုပ်ထားတဲ့ ဆေးခါးကြီး တိုက်နေသလိုဖြစ်တဲ့အတွက် မီဒီယာအဆိပ်အတောက်လို့ ခေါ်နိုင်ပါတယ်။ အထူးသဖြင့် စာနယ်ဇင်းလောကကို ခုမှဝင်ရောက်ခါစဖြစ်တဲ့ "အဖြူထည်" စာနယ်ဇင်းသမားငယ်လေးတွေကို သူတို့ကြိုက်သလို အရောင်ဆိုးဖို့ ရည်ရွယ်စည်းရုံးတဲ့ သင်တန်းပါပဲ။*

မန်းပေါက်ပေါက်၏ **"ပခုံးပုတ်ပြီးတော့ ပြောရဦးမယ်"** ဆောင်းပါး (စာမျက်နှာ-၆)